မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၃၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ကလေးမြို့၏ စက်မှုဇုန်လုပ်ငန်းများ ပိုမိုတိုးတက်အခြေခိုင်မာလာစေရေး အားပေး ဒေသနှင့်ကိုက်ညီပြီး အရည်အသွေးကောင်းမွန်သည့် ဈေးကွက်ဝင်ပစ္စည်းများ ထုတ်လုပ် အတတ်ပညာရှင်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ တီထွင်ကြံဆပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကလေးစက်မှုဇုန်ထုတ်ကုန်ပစ္စည်းပြခန်းတွင် ပြသထားသော ဂျစ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၆ ရက် နံနက် ၆ နာရီ ၄၅ မိနစ်တွင် ဟားခါးမြို့ နယ်မြေခံတပ်နယ်ခန်းမ၌ တပ်နယ်မိသားစုဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များ ရှင်းလင်းမှာကြားသည်။

ပူးပေါင်းပါဝင်

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းပါဝင်ကြရေးတို့ကို မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့သည် တပ်နယ်မိသားစုများအား ထောက်ပံ့ပစ္စည်းများကိုပေးအပ်ကြပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✳

မြန်မာ့အလင်း

ဆောင်းပါး အညွှန်း

ရွာဆူအောင်လာမလုပ်နဲ့.... တောထုတ်တဲ့ခလေ့

ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဟာ ပြည်သူ့ဘဝ လုံခြုံရေးနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ခြင်းဖြစ်တယ်လို့ ပြည်သူလူထုက ယုံကြည် လက်ခံထားပြီးဖြစ်တယ်လေ။ အဲ့ဒီအတိုင်း လက်တွေ့ကျင့်သုံးနေကြောင်း ဆူပူလှုံ့ဆော်သူမှန်သမျှကို တားဆီးထိန်းသိမ်းနေတဲ့ဖြစ်ရပ်က သက်သေပြနေပါတယ်။

စာဖတ်သူတစ်ဦး၏ဆောင်းပါး (စာ-၈၊ ၉)

နိုင်ငံတော်ဖွံ့ဖြိုးစည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မေလ ၃၀ ရက်)

ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လမ်း၊ တံတားများ တိုးမြှင့်ဖွင့်လှစ်

နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး ကွက်လပ်မကျန် ဖော်ဆောင်ပေးလျက်ရှိသည်။ မြစ်ကူး၊ ချောင်းကူးတံတားများ၊ ခရိုင်ချင်းဆက်လမ်းများနှင့် ကျေးရွာချင်းဆက်လမ်းများကို တိုးချဲ့တည်ဆောက် ဖောက်လုပ်ပေးလျက် ရှိသည်။

ဧရာဝတီတိုင်း ကျောင်းကုန်း၊ ရေကြည်နှင့်ကျုံပျော်မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အထောက်အကူပြုမည့် ကျေးလက်ကျောက်ချောလမ်း ဖွင့်ပွဲများကို မေလ၂၆ရက်နေ့က ကျင်းပခဲ့သည်။

ကျောင်းကုန်းမြို့နယ် ဝက်ချောင်းကျေးရွာ ကျောက်ချောလမ်းသစ်သည် အရှည်ပေ ၆၁၅၀၊ အကျယ် ၁၀ပေရှိပြီး ကျောင်းကုန်း–ကျုံပျော်လမ်းမကြီးသို့ ရာသီမရွေးသွားလာနိုင်ပြီ ဖြစ်သည်။ ဝက်ချောင်းကျေးရွာအုပ်စုရှိ လူဦးရေ ၂၂၇၂ ဦး၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်မှုများ လွယ်ကူလျင်မြန်စွာ ဆက်သွယ်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ရေကြည်မြို့နယ် ချင်းကုန်း–ချောင်းဖျား–ငပိဆိပ် ကျေးလက်ကျောက်ချောလမ်းသည် အရှည်ပေ ၈၂၁၀၊ အကျယ် ၁၀ပေ ရှိသည်။ မြို့နယ်အတွင်းရှိ ရေအို၊ ချင်းကုန်း၊ ချောင်းဖျား၊ ငပိဆိပ်ကျေးရွာ အုပ်စုများမှ ကျေးရွာပေါင်း ၂၄ရွာရှိ ပြည်သူ ၅၇၈၉ဦးတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက် ရှိသည်။

ကျုံပျော်မြို့ မင်္ဂလာလမ်း ကတ္တရာလမ်းသစ်သည် အရှည်ပေ ၅၄၅၀၊ အကျယ် ၁၂ပေ ရှိသည်။ လမ်းပြီးစီးသွားသဖြင့် ကျုံပျော်မြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ ကျေးရွာပေါင်း၄၀ရှိ ဒေသခံပြည်သူများအဖို့ ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့နေပြီ ဖြစ်သည်။

ယခုကဲ့သို့ ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် ကျေးလက်လမ်းတံတားများ တိုးမြှင့်ဖွင့်လှစ်နိုင်ခြင်းဖြင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့လာပြီး ဒေသတစ်ခုနှင့်တစ်ခု လွယ်လင့်တကူ ကူးလူးဆက်သွယ်သွားလာနိုင်ကာ ကျေးလက်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်ဖက်သောမိဘများအား အမှူးထား၍ ရန်ကုန်တိုင်း အလုံမြို့နယ်၊ ပထမသီရိရိပ်သာ အမှတ် (၁၁၆–ခ) အခန်း (၃) ပ–ထပ်နေ ဦးအုန်းရွှေ– ဒေါ်မူမူရွှေနှင့် သား သမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ၁၃၀၀၀၀ကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)



အရေးပေါ် လူနာကုသမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၂၉

ပြည်နယ်နှင့်တိုင်းဆေးရုံကြီးများမှ အထူးကုဆရာဝန်ကြီးများအတွက် ပြုလုပ်သည့် အရေးပေါ်လူနာကုသမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Training Workshop on Management of Medical Emergency) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ရနာရီခွဲက နေပြည်တော်ရှိ ခုတင်(၃၀၀) အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပရာ(ဝဲပုံ) ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက အမှာစကား ပြောကြားရာတွင် မိမိတို့တာဝန်ယူ စောင့်ရှောက်ရသည့် ဆေးရုံကြီးများတွင် ကုသမှုခံယူရန် လာရောက်ကြသည့် ပြည်သူများအား လိုအပ်သော အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ ဆေးပညာရှင်များအနေဖြင့် ရှိသင့်သည့် အသိပညာများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးကြရန်၊ ကျွမ်းကျင်မှု အရည်အသွေးများကို အစဉ်မြင့်မားနေအောင်နှင့် ဆရာဝန်များ လိုက်နာရသည့် ကျင့်ဝတ်သိက္ခာများနှင့်အညီ ထိထိရောက်ရောက် ပြုစုစောင့်ရှောက်ကြရန်၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် လူနာ၏ရောဂါအခြေအနေနှင့်ပတ်သက်၍ လူနာနှင့် လူနာရှင်များအား သဘောပေါက်နားလည်စေရန်အတွက် ရှင်းလင်းပြောကြားရန် အရေးကြီးကြောင်း၊ ပြည်နယ်နှင့်တိုင်း ဆေးရုံများတွင် အသည်းအသန် လူနာများကို အထူးဂရုစိုက် ကြပ်မတ်ကုသနိုင်ရန် အထူးကြပ်မတ်ကုသဆောင်များ၌ ပစ္စည်းကိရိယာများ ပံ့ပိုးပြီးဖြစ်ကြောင်း၊ ထို့ကြောင့် လူနာများကို ထိထိရောက်ရောက် ကုသမှုပေးရန်နှင့် လူနာနှင့်မိသားစုများ ကျေနပ်မှုရှိစေရေးအတွက် အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

တက်ရောက်

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် သင်တန်းသားများဖြစ်သည့် ပြည်နယ်နှင့်တိုင်း ဆေးရုံကြီးများမှ အထူးကုဆရာဝန်ကြီးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀–၅–၂၀၀၇
(ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	ကြီးကျယ်မြင့်မြတ် မဟာသမယတရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၇း၅၅	ပုသိမ်မြို့ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော်
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	Midweek Sports News
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	International Video Topics (သိပ္ပံနည်းကျ ကိုယ်ခံပညာများ)
၉း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅	တစ်ကျော့ပြန်တီဘီ(အပိုင်း–၂) (ဒေါက်တာဇေစိုး)
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	မြန်မာပြည်ခရီးစဉ်[စစ်ကိုင်းတိုင်း မင်းကွန်းဒေသနှင့် မန္တလေးတိုင်း (အမရပူရမြို့)ခရီးစဉ်]
၁၀း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၅	ဒေသဧရာအစားအစာ ပုသိမ်ဟာလဝါ
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	စက္ကူရွက်ဝေ ရှမ်းထီးသက်သေ
၁၀း၅၅	မိုးလေဝသခန့်မှန်းချက်
၁၁း၀၀	YANGON PANORAMA (99 Classic Art Exhibition)
၁၁း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀	ပေမူမှသည် ပုံနှိပ်မူသို့
၁၁း၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၀	သစ်သီးဝလံပေါပြည့်ဝေဆာ ဥယျာဉ်ခြံမှာ(မင်းကွတ်)
၁၁း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅	နိုင်ငံတကာ သတင်းအကျဉ်း
၁၂း၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၂း၃၀	မနောရမ္မပညာဒါန
၁၂း၅၀	**နောက်မကျရအောင် (မင်းသူ၊ မိုးပြည့်ပြည့်မောင်)**
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၃၀–၅–၂၀၀၇
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၁၀	၆။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၂၀	၇။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မိုးလေဝသသတင်း
၆း၂၅	၁၃။	လျှပ်တစ်ပြက်
၆း၄၀	၁၄။	လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မေတ္တာစမ်းရေ** (အပိုင်း–၂၂)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	English Usage
	၁၉။	ဗွီစီဒီကျော်ကြားတေးများ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးနဂါးသိုင်း ရှစ်ကွက်** (အပိုင်း–၃၂)

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး ပြည်သူများနှင့်အတူ အင်တိုက်အားတိုက်ပါဝင်

*** ရှေ့ဖုံးမှ**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါး တပ်နယ် လက်ဖက် စိုက်ပျိုးခြံသို့ ရောက်ရှိကြပြီး နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး ဌေးအောင်က လက်ဖက်စိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လျာထားသတ်မှတ်ချက်နှင့် အညီ အပြည့်အဝ စိုက်ပျိုးရေး၊ ရေခံမြေခံကောင်းသည့် နေရာများတွင် ရနိုင်သမျှ တိုးချဲ့စိုက်ပျိုးသွားရေး၊ လက်ဖက်အပြင် ထောပတ်၊ ပိန္နဲ၊ တညင်း စသည့်နှစ်ရှည်ပင်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးရေးတို့ကို မှာကြားသည်။

စိုက်ပျိုးသွားမည်

တပ်နယ်လက်ဖက် စိုက်ပျိုးရေးခြံ၌ ၂၀၀၆ ခုနှစ်အထိ (၁၁၈ ဒသမ ၂၉) ဧက စိုက်ပျိုးခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် မြေပြုပြင်ပြီး ၁၈ ဧကနှင့် အပင်ပေါင်း ၆၄၈၀၀ ပင်ကို ဆက်လက် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ရှိ အစိုးရနည်းပညာကောလိပ် စာသင်ဆောင်များနှင့် ဆရာ၊ ဆရာမများ အဆောင် ဆောက်လုပ်မည့် နေရာသို့ ရောက်ရှိကြပြီး ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးငွန်ဆန်းအောင်က ဆောက်လုပ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါး-ဖလမ်းလမ်းရှိ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ပြည်နယ်သမဝါယမဦးစီးဌာနနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့၏ လက်ဖက်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြပြီး ရှင်းလင်းဆောင်၌ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးအေးကိုကိုက ခရိုင်နှင့် မြို့နယ်အလိုက် လက်ဖက်စိုက်ပျိုးဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။ ၂၀၀၆-၂၀၀၇ ခုနှစ်အထိ ဌာနဆိုင်ရာများအပါအဝင် ချင်းပြည်နယ်၏ လက်ဖက်စိုက်ပျိုးမှု အခြေအနေမှာ ဖလမ်းခရိုင်၌ ၉၄၀၃ ဧက၊ မင်းတပ်ခရိုင်၌ ၅၅၄၉ ဧက စုစုပေါင်း ၁၄၉၅၂ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ၂၀၀၇-၂၀၀၈ ခုနှစ်အတွင်း ဖလမ်းခရိုင်၌ ဧက ၂၁၀၀၊ မင်းတပ်ခရိုင်၌ ဧက ၉၀၀ တိုးချဲ့ စိုက်ပျိုးသွားနိုင်ရေးအတွက် လက်ဖက်မျိုးစေ့ ၈၂၃၄ တင်းနှင့် လက်ဖက်ပျိုးပင် ၈၆ ဒသမ ၄၉သိန်း ပျိုးထောင်ပြီးကြောင်း သိရှိရသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လက်ဖက်စိုက်ခင်း၏ ဖြစ်ထွန်းအောင်မြင်နေမှုနှင့် လက်ဖက်ခူးနေမှုများကို သွားရောက်ကြည့်ရှု အားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါး-ဖလမ်း လမ်းရှိ ရမ်ထလို အခြေခံပညာအထက်တန်းကျောင်းခွဲ၏ လက်ဖက် လေးဧကရှိ အပင် ၉၉၀၀ စိုက်ခင်းသို့ ရောက်ရှိကြပြီး လက်ဖက်စိုက်ပျိုး ဖြစ်ထွန်းမှု အခြေနေများကို လည်းကောင်း၊ ကျောင်းဝင်းအတွင်း စိုက်ပျိုးထားသည့် လက်ဖက်စိုက်ခင်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထိုမှ တစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါး-ဖလမ်း လမ်းရှိ ချင်းပြည်နယ် ဖလမ်းခရိုင် လက်ဖက်အထူးဇုန် ဧက ၁၀၀၀ စိုက်ကွင်းရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အဆင့်မြင့် စံပြစိုက်ခင်း ဖလမ်းမြို့နယ် ကလောင်ခြံ၏ ၅၆ဒသမ ၅၀ ဧက စိုက်ကွင်းသို့ ရောက်ရှိကြရာ ခြံတာဝန်ခံ ဦးထာကျုံးက လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဖလမ်းခရိုင် လက်ဖက်အထူးဇုန် ဧက ၁၀၀၀ စိုက်ကွင်း၌ ကျင်းပသည့် လက်ဖက်စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်ကြရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လက်ဖက်ပျိုးပင်ကို စိုက်ပျိုးပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ဖက်ပျိုးပင်များကို စိုက်ပျိုးပေးကြပြီး လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ၏ လက်ဖက်ပျိုးပင် စိုက်ပျိုးနေမှုများကို ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါး-ကလေးလမ်းရှိ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဥတ္တမသာရ၏ သာသနာ ရက္ခိတ ပရိယတ္တိ စာသင်တိုက် ဖလမ်းမြို့နယ် လုံပီးတောရသို့ ရောက်ရှိကြပြီး ဆရာတော် ဘဒ္ဒန္တနန္ဒိယအား ဖူးမြော်ကြည်ညိုကြကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဖလမ်းမြို့ အဝင်ရှိ ဌာနဆိုင်ရာ လက်ဖက်စိုက်ခင်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ် မန်နေဂျာ ဦးခွာဟရန်းက ဌာနဆိုင်ရာ လက်ဖက်စိုက်ခင်းအတွင်း လက်ဖက် စိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ ဖလမ်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင်စီက ဖြည့်စွက် ရှင်းလင်းပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စိုက်ခင်းတာဝန်ခံများအား သတ်မှတ်လျာထားချက်နှင့်အညီ ပြည့်မီအောင် စိုက်ပျိုးကြရေး၊ မြေလွတ် မြေလပ်များ ရှာဖွေ ဖော်ထုတ် စိုက်ပျိုးရေး၊ မျိုးစေ့များကို မိမိပြည်နယ်အတွင်းမှပင် စုဆောင်းရှာဖွေရေးတို့ကို မှာကြားသည်။

ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ၃ဒသမ ၁၀ ဧကရှိ မြေစာရင်း ဦးစီးဌာန၏ လက်ဖက် စိုက်ခင်းကိုလည်းကောင်း ၃ဒသမ ၇၁ ဧကရှိ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း၏ လက်ဖက်စိုက်ခင်းကို လည်းကောင်း လေးဧကရှိ ခရိုင်နှင့် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဦးစီးဌာန၏ လက်ဖက် စိုက်ခင်းကိုလည်းကောင်း သွားရောက် ကြည့်ရှု စစ်ဆေးကြသည်။

အဆိုပါ ဌာနဆိုင်ရာ လက်ဖက် စိုက်ခင်းများ၌ ၂၀၀၆-၂၀၀၇ ခုနှစ် လက်ဖက်စိုက်ပြီးဧကမှာ ၇၁ ဒသမ ၉၅ ဧက ဖြစ်ပြီး ၂၀၀၇-၂၀၀၈ ခုနှစ် လျာထားဧကမှာ ၂၈ ဒသမ ၅ ဧက ဖြစ်ရာ စုစုပေါင်း စိုက်ပြီးဧကမှာ ဧက ၁၀၀ ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဖလမ်းမြို့နယ်မြေခံတပ်သို့ ရောက်ရှိကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသခံတိုင်းရင်းသားခေါင်းဆောင်များအား လက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဖလမ်းမြို့နယ်မြေခံ တပ်ခန်းမ၌ တပ်နယ်မိသားစုများအား တွေ့ဆုံမှာကြားရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တပ်မိသားစု၏ သက်သာချောင်ချိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးတို့ဖြင့် ဆောင်ရွက်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ဒေသခံပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းပါဝင်ရေး၊ ခြံစည်းရိုးကြက်ဆူပင်နှင့် နှစ်ရှည်သီးနှံများ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အကောင်အထည် ဖော်မှုလုပ်ငန်းများတွင် ပြည်သူများနှင့်အတူ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့က တပ်နယ်မိသားစုများအား ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် တပ်နယ်မိသားစု လက်ဖက်စိုက်ခင်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး နယ်မြေခံတပ်မှ ဗိုလ်မှူးကျော်ကျော်လင်းက နှစ်အလိုက် လက်ဖက်စိုက်ပျိုးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လက်ဖက် တိုးချဲ့စိုက်ပျိုးရန်နှင့် ခြံစည်းရိုး ကြက်ဆူပင်ကိုလည်း လျာထားချက်ထက် ပိုမိုစိုက်ပျိုးရေး မှာကြားကာ စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။ တပ်နယ်မိသားစုများ၏ လက်ဖက် စိုက်ပျိုးဧကမှာ ၂၁ ဒသမ ၅၀ ဧကဖြစ်ပြီး အပင်ပေါင်း ၇၇၅၀၀ စိုက်ပျိုးပြီး ဖြစ်သည်။ ခြံစည်းရိုး ကြက်ဆူပင် စိုက်ဧကမှာ ၂၅၀ ဧက ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဖလမ်းမြို့ ခရိုင်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံလက်ဖက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ် ဒေါက်တာဝင်းအောင်က လက်ဖက် စိုက်ပျိုးထားမှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဖလမ်း-ကလေး လမ်းရှိ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းစံပြစိုက်ခင်းသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ရှုရပ်မှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဖလမ်းမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အဆင့်မြင့်စံပြလက်ဖက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

စိုက်ခင်းအတွင်း လက်ဖက်နှင့် အခြားသီးနှံများ ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

လက်ဖက်စိုက်ခင်းတွင် လက်ဖက် ခုနစ်ဧက၊ လက်ဖက် ၁၂၇၀၅ ပင် စိုက်ပျိုးထားကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဖလမ်း-ကလေးလမ်းရှိ ဗားရ်တံတားအနီး စိုက်ပျိုးထားသောခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ ခြံစည်းရိုးကြက်ဆူပင်များကို ကြက်ဆူစံပြရွာဖြစ်သော ဗားရ်ကျေးရွာက ၁၆ ဧကတွင် စိုက်ပျိုးထားခြင်းဖြစ်ပြီး မြို့နယ် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းကလည်း ဗားရ်တံတားအနီး မြေကွက်လပ်တွင် ခြံစည်းရိုးကြက်ဆူပင် ၁၉ ဧကကို စိုက်ပျိုးထားကြောင်း သိရှိရသည်။

အလေးဂရုပြု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဗားရ်တံတား ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်ရှုရပ်မှ ဗားရ်တံတားနှင့် ရေစီးရေလာအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြကာ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်က တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အလေးထားဂရုပြုဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ထင်းရှူးစခန်းသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင် ၌ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးငွန်ဆန်းအောင်က ကလေး-ဖလမ်း-ဟားခါးလမ်း မိုင်တိုင်(၈/၇)မှ (၁၂၄/၀)အထိ (၁၁၅)မိုင်(၁)ဖာလုံ လမ်းတိုးတက် ပြုပြင်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်း မှာကြားသည်။

အဆိုပါ လမ်းတိုးတက် ပြုလုပ်ခြင်း လုပ်ငန်း ၁၁၅ မိုင် ၁ ဖာလုံတွင် ကတ္တရာလမ်း ၉၈ မိုင် ၄ ဖာလုံနှင့် ကျောက်ခင်းလမ်း ၁၆ မိုင် ၅ ဖာလုံ ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် တီးတိန်မြို့နယ် ဒုမန်ကျေးရွာနွားနောက် မွေးမြူရေးခြံသို့ ရောက်ရှိကြရာ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာ သန်းထိုက်က ဒုမန်ကျေးရွာ နွားနောက် မွေးမြူရေးခြံ၏ နွားနောက် မွေးမြူရေး ဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်း မှာကြားကာ မွေးမြူထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ နွားနောက်မွေးမြူခြင်း လုပ်ငန်းကို တီးတိန်မြို့နယ်ရှိ ကျေးရွာ ၂၃ ရွာမှ တောင်သူ ၄၀ တို့က နွားနောက် ၅၆၁ ကောင်ကို မွေးမြူထားကြောင်းသိရှိရသည်။

တက်ရောက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် တီးတိန်မြို့နယ် ဆွလိပ်ကျေးရွာ စိုက်ကွင်း၌ ကျင်းပသော လက်ဖက်စိုက်ပျိုးပွဲသို့ တက်ရောက်ကြပြီး ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် လက်ဖက်ပျိုးပင်များကို စိုက်ပျိုးပေးကြပြီး လူမှုရေးအသင်း အဖွဲ့များနှင့် ဒေသခံပြည်သူများ၏ လက်ဖက်ပျိုးပင်များစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရွှေကောင်းစုံ မိသားစု စိုက်ပျိုးရေးခြံ ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင် မန်နေဂျာ ဦးဟတ်နွယ်က ရွှေကောင်းစုံ မိသားစု၏ လက်ဖက်စိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်မန်နေဂျာ ဦးအေးကိုကိုက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ရွှေကောင်းစုံမိသားစု စိုက်ပျိုးရေးခြံပိုင်ရှင် ဦးထွန်းလွင်က ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ လက်ဖက်စိုက်ဧက ၅၀ စိုက်ပျိုးပြီးကြောင်းနှင့် ယခုနှစ်တွင် ငါးဧက တိုးချဲ့စိုက်ပျိုးမည် ဖြစ်ကြောင်း၊ ပန်းသစ်တော်ငါးဧကနှင့် စတော်ဘယ်ရီ ၁၀ ဧကကိုလည်း စိုက်ပျိုးထားကြောင်း ဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကိုမှာကြားပြီး လက်ဖက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကလေး-တီးတိန်-ဖလမ်း-ဟားခါးလမ်း၏ သိုင်းငင်းလမ်းဆုံသို့ရောက်ရှိကြပြီး လမ်းပိုင်းဆိုင်ရာ အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဖြည့်ဆည်းမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် တီးတိန်မြို့နယ် သိုင်းငင်းကျေးရွာ အနီးရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဖောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၁၁)၏ ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး အင်ဂျင်နီယာမှူး ဦးစောဝင်းနိုင်က သိုင်းငင်း-တီးတိန် မိုင်တိုင်(၀/၀)မှ (၂၅/၄)အထိ ၂၅မိုင် ၄ဖာလုံ လမ်းတိုးတက်ပြုပြင်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်း မှာကြားသည်။။

အဆိုပါ လမ်းတိုးတက်ပြုပြင်ခြင်း လုပ်ငန်း ၂၅ မိုင် ၄ဖာလုံတွင် ကတ္တရာလမ်း ၅ မိုင် ၁ ဖာလုံ၊ ကျောက်လမ်း ၁၈ မိုင် ၀ ဖာလုံနှင့်မြေလမ်း ၂ မိုင် ၃ ဖာလုံတို့ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် တီးတိန်မြို့နယ် ထေးဇန်ကော်ဖီခြံသို့ ရောက်ရှိကြပြီး ခြံတာဝန်ခံ ဦးမြင့်လွင်ဦးက ကော်ဖီ ၃၅ ဧက စိုက်ပျိုးခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားမှု အခြေအနေများကိုရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကိုဖြည့်ဆည်းမှာကြားသည်။

လက်ဖက်စိုက်ခင်းကြည့်ရှု

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် တီးတိန်မြို့နယ် ရော်ဘာငါးဧက စမ်းသပ်စိုက်ခင်း(ထေးဇန်) ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး တီးတိန်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက ရော်ဘာငါးဧက စမ်းသပ်စိုက်ပျိုးမှုအခြေအနေနှင့် လက်ဖက်ခြောက်ဧက စိုက်ပျိုးထားမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားပြီး ရော်ဘာစမ်းသပ်စိုက်ခင်းနှင့် လက်ဖက်စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် တီးတိန်နှင့်ကလေးမြို့နယ်စပ်သို့ ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာလာရာ ရှစ်မိုင် သစ်တောဦးစီးဌာန သစ်တောပျိုးဥယျာဉ်သို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ချိန်က ကြက်ဆူပင်နှင့် အခြားအဖိုးတန်သစ်ပျိုးပင်များ ပျိုးထောင်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ

စာမျက်နှာ ၄ ကော်လံ ၁

စာမျက်နှာ ၃ မှ

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ ပျိုးဥယျာဉ်တွင် ၁၆ ဧကပျိုးထောင်ထားပြီး အပင်အရေအတွက်မှာ ၇၀၀၀၀ ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကလေးစက်မှုဇုန်သို့ရောက်ရှိကြပြီး ကလေးစက်မှုဇုန် ထုတ်ကုန်ပစ္စည်း ပြခန်းအတွင်း ပြသထားသော တံခါးနှစ်ပေါက် ဂျစ်၊ အောင်မြန်မာ စူပါဂျစ်၊ Small ဂျစ်၊ မော်တော်ယာဉ် ဆက်စပ်ပစ္စည်းများ၊ လယ်ယာသုံးစက်ကိရိယာပစ္စည်းများ၊ အထွေထွေသုံးကိရိယာများ၊ လူသုံးကုန် ဒန်ထည်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ စက်မှုလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကလေးမြို့ စက်မှုလုပ်ငန်းရှင်များနှင့်တွေ့ဆုံရာ ရှေးဦးစွာ ကလေးခရိုင် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ကြည်က ကလေးစက်မှုဇုန်၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကလေးစက်မှုဇုန် လုပ်ငန်းရှင်များက ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းများ၊ စပါးခွံသုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းစဉ်များ၊ လျှပ်စစ်ဓာတ်အားပေးနေမှု အခြေအနေနှင့် အသေးစားလျှပ်စစ်စက်များ ထုတ်လုပ်ရောင်းချနေမှုတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်တို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

တီထွင်ကြံဆ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တင်ပြချက်များအပေါ် ပေါင်းစပ် ညှိနှိုင်းဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် စစ်ကိုင်းတိုင်း ကလေးမြို့၏ စက်မှုဇုန်လုပ်ငန်းများ ပိုမိုတိုးတက် အခြေခိုင်မာလာစေရေး အားပေးနိုင်ရန်နှင့် လိုအပ်ချက်များ ရှိပါကလည်း ဖြည့်ဆည်းပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ဒေသနှင့် ကိုက်ညီပြီး အရည်အသွေးကောင်းမွန်သည့်ဈေးကွက်ဝင်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်သည်နှင့်အမျှ စက်မှုဇုန်လုပ်ငန်းများလည်း တိုးတက်အောင်မြင်ဖြစ်ထွန်းမှုများ ရရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသ၏ လိုအပ်ချက်နှင့် ကိုက်ညီသည့် လယ်ယာသုံး စက်ကိရိယာများ၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက် အသေးစားများ၊ စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်များ၊ ဒေသအတွင်း လက်ဖက်စိုက်ပျိုးမှုနှင့် ဆက်စပ်ပြီး လက်ဖက်ခြောက်စက်ရုံ တည်ဆောက်ရေးသုံး စက်ပစ္စည်းများကို အရည်အသွေး အဆင့်အတန်း မြင့်မားကောင်းမွန်စွာ တိုးတက်ထုတ်လုပ်နိုင်အောင် အတတ်ပညာရှင်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက တီထွင်ကြံဆ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ထို့ပြင် စက်မှုဇုန်အတွင်းနှင့် နေအိမ်ပတ်ဝန်းကျင် မြေကွက်လပ်များ၌ ခြံစည်းရိုးကြက်ဆူပင်ကို တိုးချဲ့စိုက်ပျိုးကြစေလိုကြောင်း မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကလေးစက်မှုဇုန်အတွင်းရှိ စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ရောက်ရှိကြပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းရှင် ဦးတင်ရွှေက လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်း မှာကြားသည်။

အဆိုပါ ဓာတ်အားပေးစက်ရုံမှာ ကလေးစက်မှုဇုန်နှင့် ပတ်ဝန်းကျင်ကျေးရွာ လေးရွာ၊ အိမ်ခြေ ၄၅၀ သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။ ၎င်းစက်ရုံမှာ တစ်နာရီ ကီလိုဝပ် 300 KVA ထွက်ရှိပြီး လောင်စာအဖြစ် တစ်နာရီလျှင် စပါးခွံ ရှစ်တင်းမှ ၁၂ တင်း၊ ဒီဇယ်ဆီ သုံးပုလင်းမှ ငါးပုလင်းသာ အသုံးပြု ကုန်ကျကြောင်း သိရသည်။ ၎င်းဓာတ်အားပေးစက်မှာ ကလေးစက်မှုဇုန်မှ ထုတ်လုပ်ခြင်းဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကလေးမြို့နယ်မြေခံတပ်သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၂၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ် ပူးတွဲအဖွဲ့ Financial Integrity Group, Legal Department မှ Mr. Joseph Mark Myers ခေါင်းဆောင်သောအဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းသို့ လာရောက်ဂါရဝပြု တွေ့ဆုံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးကြသည်။ ယင်းသို့တွေ့ဆုံရာတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်ဖြစ်မြောက်ရေးနှင့် စာပေဟောပြောပွဲ ပျဉ်းမနားမြို့နယ် ကျည်ထောင်ကျေးရွာအုပ်စု၌ကျင်းပ

နေပြည်တော် မေ ၂၉

နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ကျည်ထောင်ကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံဖြစ်မြောက်ရေးနှင့် စာပေဟောပြောပွဲ အခမ်းအနားကို မေ ၁၈ ရက်က အဆိုပါ ကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းနှင့် ပျဉ်းမနားခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး ဦးစီးအရာရှိ ဦးခင်မောင်ထွန်းတို့က ကျည်ထောင်ကျေးရွာအုပ်စု စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အဆောက်အအုံ ဆောက်လုပ်ရေးကိစ္စကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် စာပေဟောပြောပွဲကို ဆက်လက်ကျင်းပရာ ညွှန်ကြားရေးမှူး ဦးသန်းထွန်းနှင့် ပျဉ်းမနားမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး စာရေးဆရာ ကြည်အောင်(တေးသံရှင်ကြည်အောင်)တို့က စာအုပ်စာပေအကြောင်းကို ဟောပြောကြသည်။

ပေးအပ်

ယင်းနောက် အရာရှိ စွမ်းရည်မြှင့်သင်တန်း(၂/၂၀၀၇) သင်တန်းသားများအတွက် သင်တန်း အလှူငွေကျပ် ၁၅၀၀၀၀ ကို ပျဉ်းမနားမြို့ နန်းစိန်မုန့်တိုက်ပိုင်ရှင် ဦးသိန်းထွေးမိသားစုက ပေးအပ်လှူဒါန်းရာ သင်တန်းသားခေါင်းဆောင် ဒုတိယဦးစီးမှူး ဦးအောင်ကျော်မိုးက လက်ခံပြီး ဂုဏ်ပြုလက်မှတ်ကို ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လပြည့်နယုန်မဟာဝန်

* ကောလိယနှင့်၊ ကပိလဝတ်
ရောဟိဏီမြစ်ရေ၊ ခွဲဝေမပြု
ရေလုပွဲကြီး၊ ဒေါသမီးတိုက်
ခိုက်ရန်စစ်ခင်း၊ လောင်မြိုက်ပြင်းသည်
သွေးခြင်းခြင်းနီတော့မည် ရောဟိဏီ။

* နှစ်ပြည်ထောင်သား၊ အငြင်းပွားသည့်
ရောဟိဏီအပါး၊ ဘုရားရှင်မြတ်
ကြွလာလတ်၍၊ စစ်မက်ဇာတ်သိမ်း
ငြိမ်းချမ်းရေးရှု၊ သာဓကပြုကာ
ဟောမှုဒေသနာ၊ ကြားနာရမှ
လောဘဒေါသ၊ ငြိမ်းအေးကြလျက်
လက်နက်စွန့်ပစ်၊ မေတ္တာရစ်ယှက်
နှစ်ဖက်ပြည်ထောင်၊ မင်းညီနောင်တို့
ရဟန်းဘောင်တွင်၊ ခိုမှီဝင်ကြ
ဗုဒ္ဓကျေးဇူး ဂုဏ်တော်တည်း။

* မဟာသက္ကရာဇ်၊ တစ်ရာရှစ်ခု
ပျိုမျစ်လမင်း၊ ထွက်ပြူလင်းစ
နယုန်လပြည့်၊ သက္ကတိုင်း၏
ကပိလဝတ်၊ ပြည်မြတ်သာမော
မဟာဝုန်တောတွင်၊ ဘုန်းရှင်ထွတ်ချာ
ငါးရာရဟန္တာ၊ ရံကာသီတင်းသုံး
စုရုံးရောက်လာ၊ စကြဝဠာပေါင်း
တစ်သောင်းဆူဝေ၊ ဗြဟ္မာသိကြား
နဂါးဂဠုန်၊ မကြွံဆုံစည်း
စုစည်းဖူးမြော်၊ ရှိကော်ရော်လျှင်
စောရှင်မြတ်စွာ၊ “မဟာသမယသုတ်”
ပတ္တမြားနှုတ်မှ၊ ဟောညွှန်ပြသည်
အေးမြချမ်းငြိမ်း၊ မေတ္တာမယိမ်းယိုင်
ဂနိုင်သာမော၊ တောမဟာဝုန်
နယုန်လပြည့်၊ ထိုနေ့ညချမ်း
ငြိမ်းချမ်းပန်းချီ၊ လှခြယ်စီခဲ့
ဘယ်ပန်းချီရေး၍ မမီနိုင်တကား။ ။

(နယုန်လပြည့် မဟာသမယနေ့ကို ဦးညွှတ်ပူဇော်ပါ၏)

ဦးအောင်မွန်(မဟာဝိဇ္ဇာ)

ပန်းသီးဖျော်ရည်သောက်လျှင် ကလေးငယ်များ ပန်းနာဖြစ်ပွားမှုမှ ကာကွယ်နိုင်

မြန်မာ့အလင်း
အင်တာနက်ကျန်းမာရေး

ကလေးငယ်များအနေဖြင့် ပန်းသီးဖျော်ရည်ကို သောက်သုံးပေးပါက ပန်းနာရောဂါကဲ့သို့သော ရောဂါများဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ကြောင်း လန်ဒန်မြို့မှ သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

တွေ့ရှိချက်

နောက်ဆုံး သုတေသနပြုချက်အရ ပန်းသီးနှင့် အဆုတ်ကျန်းမာရေးသည် ဆက်စပ်မှုရှိကြောင်း တွေ့ရှိရသည်ဟု ဗြိတိန် အမျိုးသားနှလုံးနှင့် အဆုတ်သိပ္ပံ သုတေသနဌာနမှ ပညာရှင်များ၏ တွေ့ရှိချက်ကို ဥရောပဆေးပညာဂျာနယ်၌ ဖော်ပြထားသည်။

ကာကွယ်ပေးနိုင်

ကလေးငယ်များသည် တစ်လလျှင်တစ်ကြိမ်ခန့် ပန်းသီးဖျော်ရည်သောက်သုံးပေးပါက ရှူသံလိပ်များဖြစ်ပေါ်မှုကို ကာကွယ်ပေးနိုင်ပြီး တစ်နေ့လျှင် အနည်းဆုံး တစ်ကြိမ်သောက်သုံးပါက ပန်းနာရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။

ဖြစ်ပွားမှုမရှိ

သုတေသနပညာရှင်များက အသက်ငါးနှစ်မှ ၁၀ နှစ်အရွယ် ကလေးငယ်များအား သုတေသနပြုခဲ့ရာတွင် ပန်းသီးဖျော်ရည်သောက်သုံးသော ကလေးငယ်များသည် ပန်းနာရောဂါဖြစ်ပွားမှုမရှိကြောင်း တွေ့ရှိရကြောင်း လန်ဒန် သုတေသနပညာရှင်များက ပြောကြားသည်။

(ကိုးကား-အင်တာနက်)

မြန်မာ့ရုပ်မြင်သံကြား

၃၀-၅-၂၀၀၇ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့(အဖွဲ့ဝင်)မွန်ပြည်နယ် သထုံမြို့ လယ်ဝန်ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ သိရိန္ဒ(အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဟောကြားတော်မူအပ်သော ‘မဟာသမယသုတ္တန်တရားတော်’
- ၈:၂၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၃၀ ၆။ International News.
- ၈:၄၅ ၇။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ ဓမ္မပူဇာတေးအစီအစဉ်
- ၁၆:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒ၊ သတ္တဗေဒ၊ အထူးပြုများ) [ရုက္ခဗေဒ]
- ၁၆:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၀၀ ၆။ မြန်မာစာ မြန်မာစကား
- ၁၇:၁၀ ၇။ သီချင်းကြီးပဒေသာ
- ၁၇:၁၅ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၇:၂၅ ၉။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၁၉:၀၀ ၁၃။ Discovery
- ၁၉:၁၅ ၁၄။ ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ(လွင်မိုး၊ မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ လှအဥ္ဇလီတင့်၊ ကြည်လဲ့လဲ့ဦး၊ ဂွမ်းပုံ)
- ၁၉:၂၀ ၁၅။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၁၉:၃၅ ၁၆။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ နယုန်လပြည့်မဟာသမယကြီးကျယ်ထူးမြတ်သည့် အခါတော်နေ့
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ မြန်မာရုပ်ရှင် **ငါ့သူတစ်ပါး ယောကျ်ား မိန်းမ** ရန်အောင်၊ လွင်မိုး၊ မေသန်းနု၊ ထက်ထက်မိုးဦး၊ ခင်ဇာခြည်ကျော် (ဒါရိုက်တာ-ပန်းချီစိုးမိုး)
- ၂၁။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

ပညာရှင် ပါရဂူစာကြည့်တိုက်

မေတ္တာရှင်ကျေးလက်ကျန်းမာရေးနှင့် စေတနာရှင်မိသားစု ဧည့်ဂေဟာအဆောက်အအုံသစ်များဖွင့်

ရန်ကုန် မေ ၂၉

ဇလွန်မြို့ မြစ်ဝကျေးရွာရှိ ပညာရှင် ပါရဂူစာကြည့်တိုက် အဆောက်အအုံသစ်၊ မေတ္တာရှင်ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ်၊ စေတနာရှင်မိသားစုဧည့်ဂေဟာအဆောက်အအုံသစ်များဖွင့်ပွဲနှင့် စာအုပ်စာစောင်၊ ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၃၀ရက် နံနက်၁၀နာရီက အဆိုပါအဆောက်အအုံများရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် ကုသိုလ်ရှင်ဘဒ္ဒန္တ ဒေါက်တာ စန္ဒာဝရာဘိဝံသ ကိုယ်စား မိသားစုဝင်ဦးလှထွန်း၊ မြစ်ဝကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးအောင်လွင်နှင့် ဇလွန်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဒေါ်လှကြည်တို့က စာကြည့်တိုက် အဆောက်အအုံသစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

အဆိုပါအဆောက်အအုံတစ်ခုလျှင် ငွေကျပ်သိန်း၅၀ဖြစ်ပြီး စုစုပေါင်းငွေကျပ်သိန်း ၁၅၀ ကုန်ကျကြောင်း သိရသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် စာအုပ်စာစောင်နှင့် ငွေပဒေသာပင်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ဟသ်ာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုလှရီ၊ မြစ်ဝကျေးရွာ ဥက္ကဋ္ဌ ဦးအောင်လွင်နှင့် ရေလဲတိုက်နယ်ဆေးရုံမှ ဒေါက်တာသန်းထွဋ်တို့က အမှာစကားပြောကြားကြပြီး အလှူရှင်ကိုယ်စား မိသားစုဝင် ဦးလှထွန်းက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

စာအုပ်များလှူဒါန်း

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ညွှန့်၊ ဇလွန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်လှကြည်နှင့် အလှူရှင်များက စာအုပ်များလှူဒါန်းကြပြီး ပင်မငွေပဒေသာပင်အဖြစ် အလှူရှင် များက စုပေါင်းလှူဒါန်း ငွေကျပ်တစ်သိန်းသုံးသောင်း ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကြီးမှူး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရဆရာတော်များ ထပ်ဆင့်ပူဇော်

မော်လမြိုင် မေ ၂၉

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ နိုင်ငံတော်မှ ဘွဲ့တံဆိပ်တော် ချီးမြှင့်တော်မူခဲ့သည့် ၂၀၀၇ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ မွန်ပြည်နယ်မှ ဆရာတော်၁၄ပါးအား ထပ်ဆင့်ပူဇော်ပွဲ၊ လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်းပွဲ၊ ဆွမ်းခြောက်လောင်းလှူပွဲ အခမ်းအနားကို မေ ၁၇ ရက် မွန်းလွဲ ၁နာရီက မွန်ပြည်နယ် မော်လမြိုင်မြို့ သာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ဇနီးဒေါ်မြင့်မြင့်စိုးတို့ တက်ရောက်ဖူးမြော်ကြည်ညိုကြသည်။

တက်ရောက်

အခမ်းအနားသို့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်း၊ ဇနီး ဒေါ်မြင့်မြင့်စိုး၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ အသင်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ ဘွဲ့တံဆိပ်တော် ချီးမြှင့်တော်မူခြင်းခံရသည့် သထုံမြို့ လယ်ဝန်းကျောင်းတိုက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သီရိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

သာသနာရေးဆိုင်ရာလျှောက်ထား

ဆက်လက်၍ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက သာသနာတော်ဆိုင်ရာများကို ရှင်းလင်း လျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုး၊ ပြည်နယ် အတွင်းရေးမှူးဦးအောင်ဝင်း အမှူးပြုသော ပြည်နယ် အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ၂၀၀၇ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ မွန်ပြည်နယ်မှ ဆရာတော် ၁၄ ပါးတို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီးနောက် ဆရာတော်များအား တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများ၊ အလှူရှင်များက ဆွမ်းခြောက်များ စည်ကားသိုက်မြိုက်စွာ လောင်းလှူကြသည်။**(အပေါ်ပုံ)** **(၁၆၈)**

အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၉

ရန်ကုန်တက္ကသိုလ်အားကစားသမားဟောင်းများ (ရန်ကုန်တက္ကသိုလ်မှ) အားကစားလုပ်ငန်းရပ်များတွင် ဦးစီးဆောင်ရွက်ခဲ့ကြသော ဆရာငြိမ်း၊ ဒေါက်တာဘတုတ်၊ဒေါက်တာမောင်ရှိန်း၊ ဒေါက်တာခင်မောင်ဝင်း၊ဒေါက်တာမောင် ဆရာကြီးများအားပူဇော်ကန်တော့ပွဲကို ဩဂုတ်၂၆ရက် (တနင်္ဂနွေနေ) မွန်းလွဲ ၁နာရီတွင် စမ်းချောင်းမြို့နယ် မြေနီကုန်း ကျွန်းတောကျောင်းတိုက်ရှိ နတ်ရေကန်ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ ရန်ကုန်တက္ကသိုလ် အားကစားသမားဟောင်းများ မပျက်မကွက် တတ်ရောက်ကြပါရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဦးဟန်ထွန်းမောင် ဖုန်း–၅၄၈၄၈၂၊ ၀၉–၅၁–၄၃၁၄၂၊ ဦးမောင်မောင် ဖုန်း–၅၆၂၂၀၇၊ ၀၉–၅၂–၅၁၂၀၇၊ ဦးရဲထွဋ်တင် ဖုန်း–၅၇၇၃၆၆၊ ၀၉–၅၀–၁၅၅၆၁၊ ဦးစောဦး ဖုန်း– ၅၆၃၆၇၅၊ ဦးညီညီလွင် ဖုန်း–၅၄၉၁၆၄နှင့် ဦးကျော်ခင် ဖုန်း–၂၅၃၇၂၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ဒီပဲယင်း၌ ဝက်သက်ကာကွယ်ဆေး ထိုးနှံ

ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို မေ ၁၄ရက် နံနက်ပိုင်းက မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးအုံးချိုက အဖွင့် အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာချစ်ခင်က အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးရခြင်း၏ ရည်ရွယ်ချက်၊ ဒီပဲယင်းမြို့နယ်တွင် ဆောင်ရွက်မည့်စီမံချက် အသေးစိတ် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဝက်သက်ကာကွယ်ဆေးထိုးရန်ရောက်ရှိနေကြသည့် မိခင်နှင့်ကလေးများအား ကျန်းမာရေးပညာပေး ဆွေးနွေးမှုများ ကျင်းပပြီး ကာကွယ်ဆေးထိုးနှံပေးမှုကို အားပေးကြည့်ရှုကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ကချင်ပြည်နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး မိုးညှင်းခရိုင် အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များတွေ့ဆုံ

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရားဝမ်ဂျုံးသည် ပြည်နယ်အလုပ်အမှုဆောင် ဦးကျော်စိုးလေးနှင့်အတူ မေ ၁၆ရက် နံနက် ၈ နာရီက မိုးညှင်းခရိုင်ရုံး အစည်းအဝေးခန်းမ၌ ခရိုင်အသင်းအတွင်းရေးမှူးနှင့် ခရိုင်အလုပ်အမှုဆောင်များ၊ မြို့နယ်အသင်းအတွင်းရေးမှူးနှင့် မြို့နယ်အလုပ်အမှုဆောင်များ၊ မြို့ပေါ်ရပ်ကွက်စည်းရုံးရေးမှူးများနှင့် အမှုဆောင်များအား တွေ့ဆုံရာ ပြည်နယ်အတွင်းရေးမှူးဦးရားဝမ်ဂျုံးက စည်းရုံးရေးရည်မှန်းချက် ပြည့်ဝအောင်မြင်ရေး၊ လူငယ်ရေးရာလေ့ကျင့်မှု၊ လှုပ်ရှားမှုများကို တိုးမြှင့်ဆောင်ရွက်ရေး၊ အသင်းပိုင်ကြက်ဆူ၊ ရော်ဘာနှင့် ကျွန်းစိုက်ခင်းများကို ပြုစုပျိုးထောင်စိုက်ပျိုးရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြသည်။ **(မြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**

ဝန်ကြီးနှင့်ညွှန်ချုပ်တို့၏ ညွှန်ကြားချက်များ ထပ်ဆင့်ရှင်း

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့၏ ညွှန်ကြားချက်များကို မကွေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးကထပ်ဆင့်ရှင်းလင်း မှာကြားချက်များ ရှင်းလင်း ပွဲကို မေ ၂၂ ရက်က ထီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် ဂန့်ဂေါခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က မကွေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးက ထပ်ဆင့် ရှင်းလင်းမှာကြားသည့်ဝန်ကြီး၏ညွှန်ကြားချက်များနှင့် ညွှန်ကြားရေးမှူးချုပ်၏ ဌာနရည်မှန်းချက် တာဝန်များအောင်မြင်ရေး မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းသည်။

(ခရိုင် ပြန်/ဆက်)

ကျေးရွာချင်းဆက်လမ်း သတ်မှတ်ချိန်ပြီးစီးရေး ကွင်းဆင်း

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ် ကျေးရွာချင်းဆက် လမ်းတံတားများ ပြုပြင်တည်ဆောက်ရေးစီမံချက်အရ ကျောက်ကြီးမြို့နယ် အင်းနက်ကျေးရွာနှင့် ထိုက်ထူမြေကျေးရွာသွား လမ်းခင်းခြင်းလုပ်ငန်းကို မေ ၅ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မြေသားလမ်းခင်းခြင်းလုပ်ငန်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုလေးနှင့်အငယ်တန်းအင်ဂျင်နီယာ(၃) ဦးသိန်းဇော်ဦးတို့က ကွင်းဆင်းကြီးကြပ်ပြီး မြေသားလမ်းစံချိန်စံညွှန်းမီ ခင်းနိုင်ရေးနှင့် သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

(၂၁၁)

မိုးရာသီ စိုက်ပျိုးရေးစီမံကိန်း တာဝန်ပေး

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ်၏ ၂၀၀၇–၂၀၀၈ခုနှစ် မိုးရာသီ စိုက်ပျိုးရေးစီမံကိန်း တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၁၅ရက် နံနက် ၉ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခိုင်ထွန်းက အမှာစကား ပြောကြားပြီး ကျေးရွာ အုပ်စုတစ်စုအလိုက် စိုက်ပျိုးကြီးကြပ်ရေးအဖွဲ့များအား တာဝန်ပေးအပ်လိုက်ကြောင်း သိရသည်။

(၀၄၈)

အိုင်အိုဒင်းဆားအရည်အသွေးပြည့်မီမှု စစ်ဆေး

ဖားကန့်မြို့နေ ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်စေရေးအတွက် မေ၁၅ရရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိဦးမြင့်အောင်၏ကြီးကြပ်မှုဖြင့် ဒုတိယဦးစီးမှူး ဦးမြင့်ဌေး ဦးဆောင်သော ဝန်ထမ်းများ၊ မော်ဝမ်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ စည်ပင်သာယာရေး အဖွဲ့ပိုင်ဈေးအတွင်းရှိ ဈေးဆိုင်များမှ ရောင်းချလျက်ရှိသော အိုင်အိုဒင်းဆားများ အရည်အသွေးပြည့်မီမှု ရှိ/မရှိ စစ်ဆေးကြသည်။

(က–ပ)

ယဉ်ကျေးမှုစာမေးပွဲများ တောင်ကြီး၌ ကျင်းပ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကကြီးမှူးကျင်းပသည့် (၂၄)ကြိမ်မြောက် ယဉ်ကျေးမှုစာမေးပွဲများအား တောင်ကြီးမြို့ အထက(၂) စာစစ်ဌာနနှင့် ကျေးရွာအုပ်စုအသီးသီးရှိ စာစစ်ဌာနများတွင် မေ ၂၅ရက်မှ ၂၇ရက်အထိ ကျင်းပသည်။ စာစစ်ဌာနအသီးသီးသို့ ကျောင်းသားကျောင်းသူ ၁၁၈၈ ဦး ဝင်ရောက်ဖြေဆိုကြပြီး တောင်ကြီးမြို့နယ် သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တ အဂ္ဂဝံသ ကပ်ကျော်အောင်တော်မူကျောင်းဆရာတော်နှင့် အကျိုးတော်ဆောင်ဆရာတော်ဘဒ္ဒန္တ သဇ္ဇနနှင့် မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။

(က–ပ)

လုပ်ငန်းခွင်၌ လက်တွေ့အသုံးချနိုင်ရေးအတွက် အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၄)ဖွင့်ပွဲ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်

နေပြည်တော် မေ ၂၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ သင်တန်း တာဝန်ခံနှင့် သင်တန်းနည်းပြများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ရုပ်သိမ်း

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသည် အလွန် အရေးပါလျက်ရှိရာ ကွန်ပျူတာအသုံးပြု တတ်ကျွမ်းနားလည်ရန်မှာ အရေးကြီးကြောင်း၊ သို့ဖြစ်၍ ယခုဖွင့်လှစ်သည့် အခြေခံကွန်ပျူတာသင်တန်းကို တက်ရောက်ကြသူများသည် ကွန်ပျူတာ အခြေခံပညာကို လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချနိုင်သည်အထိ လေ့လာဆည်းပူးသင်ယူကြရန်လိုကြောင်း မှာကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းကာလ

အခမ်းအနားအပြီးတွင် ဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ခန်းမအတွင်း သင်တန်းသားများ၏ အခြေခံကွန်ပျူတာပညာ လေ့လာသင်ယူနေမှုကို လှည့်လည် ကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် မေ ၂၉

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. P.A.D. Samarasekeraသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ အလုံမြို့နယ် မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)ရှိ ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းလည်း တက်ရောက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွမ်းမံပြင်ဆင်နေသောစက်ခေါင်းများ အရည်အသွေးမီ၊ အချိန်မီပြုပြင် လုပ်ငန်းကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲမှု အရည်အသွေးမြှင့်တင်

နေပြည်တော် မေ ၂၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်သည် ရထားစက်ရုံများတွင် ထုတ်လုပ်မှုတိုးတက်ရေး စီမံခန့်ခွဲမှုဘာသာရပ် လက်တွေ့အကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်း၍ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)မှ စက်ရုံမှူး၊ စက်ရုံမှ အင်ဂျင်နီယာများ၊ အလုပ်ရုံစုမှူးများအား တွေ့ဆုံဆွေးနွေးပွဲကို မေ ၂၅ရက်က လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ဆွေးနွေးမှာကြားရာတွင် အဆင့်မြင့် လူစီးတွဲအသစ်များ တည်ဆောက်ခြင်းနှင့် လူစီးတွဲ၊ ကုန်တွဲများ အကြီးတန်း ပြုပြင်မွမ်းမံခြင်း၊ ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုဘာသာရပ်နှင့် လက်တွေ့အသုံးပြုခြင်း၊ စက်ရုံ၏ ထုတ်လုပ်မှုအရေအတွက်နှင့် အရည်အသွေး မြှင့်တင်ခြင်းအတွက် လက်တွေ့ကျကျ အသုံးပြုခြင်း၊ လက်ရှိစက်ရုံ အလုပ်စီးဆင်းမှုနှင့်ယှဉ်၍ ချပြဆွေးနွေးသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ စက်ရုံအင်ဂျင်နီယာ အရာရှိများနှင့် အလုပ်ရုံစုမှူးများက လက်တွေ့ အကောင်အထည်ဖော်ရန်အတွက် လုပ်ငန်းသဘာဝ သုံးသပ်ခြင်း၊ စီမံစုဖွဲ့ခြင်း၊ ဆောင်ရွက်မည့် အစီအစဉ်ချမှတ်ခြင်း စသည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် စက်ရုံ၏ ထုတ်လုပ်မှုလမ်းကြောင်းအဆင့်ဆင့်၌ ကြာမြင့်သည့် ရက်ကာလ၊ ယခုထက် မြန်ဆန်စေရန် ဆောင်ရွက်နိုင်သည့် နည်းလမ်းအမျိုးမျိုးကိုလည်းကောင်း၊ စက်ရုံဝန်ထမ်းအဆင့်ဆင့်တို့၏ နည်းပညာကျွမ်းကျင်မှုနှင့် အလုပ်စနစ်များကို သိရှိကျွမ်းကျင်စေရေးအတွက် လေ့ကျင့်သင်တန်းပေးရန်များကို ညှိနှိုင်းကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် လူစီးတွဲနှင့် ကုန်တွဲများ အကြီးတန်း ပြုပြင်မွမ်းမံနေသည့် လုပ်ငန်းခွင်များနှင့် လူစီးတွဲတည်ဆောက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် စက်ရုံခန်းမ၌ စက်ရုံမှူး၊ အရာရှိများနှင့် ကြီးကြပ်ရေးဝန်ထမ်းများအား တွေ့ဆုံကာ လူစီးတွဲ ကုန်တွဲ ထုတ်လုပ်မှုအရေအတွက်ရော အရည်အချင်းပါ တိုးမြှင့်ရေး၊ ဝန်ကြီးဌာနအောက်ရှိ မိတ္ထီလာ ဗဟိုပို့ဆောင်ရေး ဆက်သွယ်ရေးကျောင်း၌ ယခုနှစ်ဇူလိုင်လမှ အစပြု၍ ကုန်ထုတ်လုပ်မှုစီမံခန့်ခွဲရေးသင်တန်း ဖွင့်လှစ်သင်ကြားမည့်ကိစ္စတို့ကို ဆွေးနွေးမှာကြားသည်။

ဖြည့်ဆည်းပေး

ဒုတိယဝန်ကြီးသည် မေ ၂၆ ရက်နံနက်ပိုင်းတွင် မြစ်ငယ်စက်ရုံ၌ အမရပူရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးသန်းနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ စက်ရုံ၏ လူ၊ ပစ္စည်း၊ လုံခြုံရေးအတွက် စီမံဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးမှာကြားသည်။

လေ့ကျင့်သင်တန်းပေး

ထို့နောက် ဒုတိယဝန်ကြီးသည် မေ ၂၇ ရက်တွင် ရွာထောင်စက်ခေါင်းစက်ရုံ၌ စက်ရုံမှူးနှင့် စက်ရုံအင်ဂျင်နီယာ အရာရှိများ၊ အလုပ်ရုံစုမှူးများအား တွေ့ဆုံ၍ တိုးတက်များပြားလာသော ရထားစီးခရီးသည်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် မွမ်းမံပြင်ဆင်နေသော စက်ခေါင်းများကို အရည်အသွေးမီ၊ အချိန်မီ ပြုပြင်ထုတ်လုပ်နိုင်ရေး၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲမှုအရည်အသွေး မြှင့်တင်ရေးအတွက် လေ့ကျင့်သင်တန်းပေးရေးတို့ကို ဆွေးနွေးမှာကြားပြီး စက်ရုံ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လမ်းမတော်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၉

လမ်းမတော်မြို့နယ်၏ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၅ ရက် နံနက် ၉နာရီက လမ်းမတော်မြို့နယ် အထက(၁) စွမ်းအားခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ကျော်နှင့် မြို့နယ်ပညာရေးမှူး ဦးတင်မောင်ဦးတို့က အမှာစကားပြောကြားကြသည်။

လက်ခံရယူ

ထို့နောက် မြို့နယ်အတွင်းရှိ အထက(၂)ကျောင်း၊ အလက(၁)ကျောင်း၊ အမက(၆)ကျောင်းတို့မှ ချို့တဲ့ကျောင်းသား၊ ကျောင်းသူ ၁၀၇ ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၇၃၅၀၀၀ နှင့် ဗလာစာအုပ် ဒါဇင် ၂၀ ကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်တင်မူက ပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဦးတင်မောင်ဦးက လက်ခံယူသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

မူးယစ်ကင်းစင် အလှဆင်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၉

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၏ ၂၀၀၇–၂၀၀၈ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၆ရက်က အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်တင်တင်မြက အမှာစကားပြောကြားပြီး ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေး ဗဟိုဦးစီးကော်မတီဝင်ကိုယ်စား ဒဂုံတက္ကသိုလ် ဘူမိဗေဒဌာနမှူး ပါမောက္ခ ဒေါက်တာအေးကိုအောင်က ကျောင်းအပ်နှံရေးနေ့ အကြောင်းကို ရှင်းလင်းပြောကြားပြီး အလှူရှင်များမှ လှူဒါန်းသော အလှူငွေကျပ် ၉၀၃၄၀၀ ကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းက လက်ခံရယူသည်။

(အပေါ်ပုံ)

ထို့နောက် ဗလာစာအုပ်များ၊ ခဲတံများနှင့် ကျောင်းသုံးပစ္စည်းများကို ကျောင်းသား ကျောင်းသူ ၇၇ ဦးတို့အား တက်ရောက်လာသော ဧည့်သည်တော်များက ပေးအပ်လှူဒါန်းကြသည်။

(၄၀၀)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းနေ မိဘများနှင့် သမီးလေး မေစုမြတ်အောင်အား ရည်စူး၍ မိခင်ကြီး ဒေါ်ကြည်အား အမှူးထားလျက် ဦးအောင်ကြည်–ဒေါ်မိမိသန်း သမီး မနိုင်နိုင်ကျော် မိသားစုတို့က ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ စာရင်းစစ် ဦးစိုးညွန့်ထံ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

ဒုတိယဝန်ကြီး ဦးကျော်သူခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ဆော်ဒီအာရေဗျနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၂၉

နိုင်ငံတော်ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာရပ်စော်ဘွားများ ပြည်ထောင်စုနှင့် ဆော်ဒီအာရေဗျနိုင်ငံများသို့ မေ ၁၄ ရက်မှ ၂၅ ရက်အထိ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီးနောက် မေ ၂၆ ရက်က လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၁၄ ရက်တွင် အာရပ်စော်ဘွားများပြည်ထောင်စု အဘူဒါဘီမြို့သို့ရောက်ရှိရာ အာရပ်စော်ဘွားများ မြှုပ်နှံမှုအခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေး

ဒုတိယဝန်ကြီးသည် မေ ၁၇ရက် နံနက်ပိုင်းတွင် အာရပ်စော်ဘွားများ ပြီး တည်ခင်းဧည့်ခံသော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

ကြိုဆို

ဒုတိယဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၁၈

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ အာရပ်စော်ဘွားများပြည်ထောင်စု စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး H.E. Mohammed bin Dhaen al-Hamli အား သွားရောက်တွေ့ဆုံပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (နိုင်ငံခြားရေး)

ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ ဒုတိယဝန်ကြီးသည် မေ ၁၅ ရက် နံနက်ပိုင်းတွင် အာရပ်စော်ဘွားများပြည်ထောင်စု နိုင်ငံခြားရေး ဝန်ကြီးဌာနသို့သွားရောက်၍ ဒုတိယဝန်ကြီး Dr. Tariq Ahmed al-Haidanအား တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်တည်ဆောက်ရေးကိစ္စရပ်များကို ဆွေးနွေးကြပြီး နိုင်ငံတကာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အာရပ်စော်ဘွားများ ပြည်ထောင်စု စီးပွားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Abdulla bin Ahmed al Saleh အား စီးပွားရေးဝန်ကြီးဌာနသို့ သွားရောက်တွေ့ဆုံကာ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် နိုင်ငံခြားရင်းနှီးပြည်ထောင်စု စွမ်းအင်ဝန်ကြီးဌာနသို့ သွားရောက်ကာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mohamed bin Dhaen al Hamli အား တွေ့ဆုံပြီး နှစ်နိုင်ငံ စွမ်းအင်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မွန်းလွဲ ပိုင်းတွင် အာရပ်စော်ဘွားများ ပြည်ထောင်စုသမ္မတ၏ အကြံပေးပုဂ္ဂိုလ် အိမ်ရှေ့မင်းသား His Highness Sheikh Saroor bin Mohammed al Nahainan၏ သီးခြားဖိတ်ကြားချက်အရ ဘုရင့်နန်းတော်သို့သွားရောက်ကာ အိမ်ရှေ့မင်းသားအား ဂါရဝပြုနှုတ်ဆက်ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့သို့ရောက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်တွင်ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီးသည် မေ ၁၉ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သွားရောက်၍ ဒုတိယဝန်ကြီး H.E. Ibrahim O. al Kharashiအားတွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးသည် မေ ၂၀ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Nizar bin Obaid Madani အား ၎င်း၏ရုံးခန်းသို့ သွားရောက်တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်တည်ဆောက်ရေးနှင့် နိုင်ငံတကာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ဒုတိယဝန်ကြီးဦးကျော်သူသည် မေ၂၁ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ အလုပ်သမားဝန်ကြီးဌာနသို့ သွားရောက်ကာ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Ahmad al Zamilအားတွေ့ဆုံပြီး ဆော်ဒီအာရေဗျနိုင်ငံတွင် မြန်မာလုပ်သားများ တရားဝင် အလုပ်လုပ်ကိုင်နိုင်မှု အခွင့်အလမ်းများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

စီးပွားရေးပူးပေါင်းဆောင်ရွက်

ဒုတိယဝန်ကြီးသည် မေ၂၂ရက်တွင် ရီယာ့ဒ်မြို့ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုအသင်းသို့သွားရောက်ကာ ရီယာ့ဒ်မြို့ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုအသင်းကောင်စီ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ် Engr. Fahad M. Aslimy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးဦးကျော်သူသည် မေ ၂၃ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ ရေနံနှင့်ဓာတ်သတ္တုအရင်းအမြစ်ရေးရာ လက်ထောက်ရေနံဝန်ကြီး His Royal Highness Prince Abdulaziz bin Salman bin Saud အား ၎င်း၏ရုံးခန်းသို့ သွားရောက်တွေ့ဆုံခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဆော်ဒီအာရေဗျနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနသို့ သွားရောက်ကာ ဒုတိယဝန်ကြီး His Royal Highness Prince Ahmad M. al Salemအားတွေ့ဆုံပြီးနှစ်နိုင်ငံစွမ်းအင်နှင့် လုံခြုံရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများဆောက် လုပ် ရန် အတွက် ဦးသန်းငွေ (ခ)ဦးအန်အပ်ငွန် တစ် လ ပြည့် အား ရည်စူး၍ ရန်ကုန်

တိုင်း လှိုင်မြို့နယ် (၆)ရပ်ကွက် ပိတောက်ရွှေဝါ ၂ လမ်း အမှတ် ၅ နေ ဦးမြင့်သန်း-ဒေါ်သီသီမိသားစုက အလှူငွေကျပ်နှစ်သိန်းငါးသောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာ အရှင်ဝိစိတ္တ (ကဝ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကြေးပိဋကတ်ဆရာတော် ဘဒ္ဒန္တဉာဏ ဝိဇာတမွေးနေ့

ရန်ကုန် မေ ၂၉

ဗဟန်းမြို့နယ် ကြားတောရ ရပ်ကွက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ကျောင်းတော်ရာ ရွှေကျင်တိုက်ကြီး၏ နာယက မင်္ဂလာတိုက်ကျောင်း၏ ဦးစီးပဓာနနာယက ကြေးပိဋကတ်ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစက ပဏ္ဍိတ)၏ သက်တော်(၆၄)နှစ်ပြည့် ဝိဇာတမွေးနေ့ ပူဇော်ပွဲကို ဇွန် ၁ရက် နံနက် ၆ နာရီမှ၁၀နာရီအထိ ကျင်းပမည်ဖြစ်ရာ တပည့်ဒါယကာ၊ ဒါယိကာမများ ကြွရောက် ကြည်ညိုနိုင်ကြောင်းနှင့် ဖုန်း-၅၄၈၈၀၅၊ ၀၉-၅၁-၉၅၂၀၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲကြီးမှူး ရပ်ရွာပညာပဒေသာဌာနဖွင့်ပွဲ ရွှေပြည်သာ၌ကျင်းပ

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲက ကြီးမှူးကျင်းပသော "ရပ်ရွာပညာပဒေသာဌာန" ဆိုင်းဘုတ်တင်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် မဲခေါင်လမ်းရှိ အမှတ် (၆) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် မြို့နယ်စီမံကိန်းရုံး အစည်းအဝေးခန်းမတို့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရှေးဦးစွာ "ရပ်ရွာပညာပဒေသာဌာန"ဆိုင်းဘုတ်ကို ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆိုင်းဘုတ်ကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် ရန်ကုန်တိုင်း၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့မှ လှူဒါန်းသော ဗီရိုတစ်လုံး၊ အပ်ချုပ်စက်နှစ်လုံးနှင့် စာအုပ်စာတမ်းများကို နာယကဒေါ်မာမာဝေနှင့် အဖွဲ့တို့က ပေးအပ်လှူဒါန်းရာ အမှတ် ၆ ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆင့်က လက်ခံသည်။

ယင်းနောက် ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် "ရပ်ရွာပညာပဒေသာဌာန"အတွင်း လှည့်လည်ကြည့်ရှုကြသည်။ **(အောက်ပုံ)**

တက်ရောက်အမှာစကားပြောကြား

ဆက်လက်၍ မြို့နယ်စီမံကိန်းရုံး၌ ကျင်းပသော "ရပ်ရွာပညာပဒေသာဌာန" ဖွင့်ပွဲအခမ်းအနား အစီအစဉ်ကို ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက တက်ရောက် အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပညာရေးသုတေသနအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးစောအောင်က "ရပ်ရွာပညာပဒေသာဌာန" ဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်လမြိုင်မြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းကြီးမှူး အခြေခံအင်္ဂလိပ်စကားပြောသင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၉

မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ အခြေခံအင်္ဂလိပ်စကားပြောသင်တန်း အမှတ်စဉ် (၁/၂၀၀၇)ဖွင့်ပွဲကို မေ ၂၇ ရက် နံနက်ပိုင်းက မော်လမြိုင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး သီဟရာဇာခန်းမ၌ ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်စိုးမိုးနိုင်နှင့် အလုပ်အမှုဆောင်များ၊ မော်လမြိုင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာတိုးတိုးအောင်နှင့် အလုပ်အမှုဆောင်များ၊ မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းစိန်နှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များ၊ သင်တန်းကြီးကြပ်မှုကော်မတီဝင်များ၊ သင်တန်းနည်းပြနှင့် သင်တန်းသူ သင်တန်းသားများ တက်ရောက်ကြသည်။

အဖွင့်အမှာစကားပြောကြား

သင်တန်းဖွင့်ပွဲတွင် မွန်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်စိုးမိုးနိုင်က အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ မော်လမြိုင်မြို့နယ်အတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဘွဲ့ရ ၂၂ဦး၊ တက္ကသိုလ်တက်ရောက်နေသူ ၃၅ ဦး၊ တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသူ ၃၃ ဦး၊ စုစုပေါင်း ၉၀ တက်ရောက်ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်သည်။ **(၁၆၈)**

ရှာဆူအောင်လာမလုပ်နဲ့ ...တောထုတ်တဲ့ဓလေ့

စာဖတ်သူတစ်ဦး

စာဖတ်သူမိတ်ဆွေများနှင့် စကားဝိုင်းဖွဲ့ပြီး တွေ့မြင်ကြားသိသမျှကို ပြန်လည်တင်ပြခဲ့သည့် **“အသွင်ပြောင်း ဒီပလိုမေစီ၏ ဓာတ်ကောင်များကို အထူးသတိပြု”**ဆောင်းပါးကို သတင်းစာတိုက်များသို့ ပေးပို့ခဲ့ရာ ၁၁-၅-၂၀၀၇ ရက်နေ့ထုတ် သတင်းစာများတွင် ပါရှိခဲ့ပါသည်။

အဆိုပါဆောင်းပါး နိဂုံးပိုင်းတွင် “အမေရိကန်အစိုးရရဲ့ အသွင်ပြောင်းဒီပလိုမေစီ ကျင့်သုံးစေ့ဆော်မှုကြောင့် ပြည်တွင်းမှာ ဖြစ်ပေါ်လာတဲ့ ဆန္ဒပြလှုံ့ဆော်မှုတွေ၊ ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်မှုတွေ၊ သွယ်ဝိုက်ရင်ဆိုင် ဆန့်ကျင်မှုတွေကတစ်ဆင့် ဆက်စပ်လှုပ်ရှားလာမယ့် ဆူပူအုံကြွ အကြမ်းဖက်မှုတွေကို ပြည်သူလူထုတစ်ရပ်လုံး အထူးသတိပြုကြဖို့၊ သက်ဆိုင်ရာနှင့်အတူ ပူးပေါင်းပါဝင်ပြီး ဆက်လက်ဆန့်ကျင်တားဆီးတိုက်ဖျက်သွားကြဖို့”တိုက်တွန်းနှိုးဆော်ခဲ့ပါသည်။

၁၇-၅-၂၀၀၇ ရက်နေ့ထုတ် သတင်းစာများတွင် “ဘာသာရေးကို ခုတုံးလုပ်ပြီး မတည်ငြိမ်မှုနှင့် ဆူပူလှုပ်ရှားမှုများဖြစ်လာအောင် သွေးထိုးလှုံ့ဆော်နေသူများကို အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများက ဝိုင်းဝန်းတားဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာသို့အပ်နှံခဲ့”ဟူသော ခေါင်းစဉ်ဖြင့် သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရပါသည်။ သတင်းအကျဉ်းမှာ ၂၀၀၇ ခုနှစ် မေ ၁၅ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ်၊ ဘူတာရုံလမ်း ကားဂိတ်၌ ဘာသာရေးကိုအကြောင်းပြုပြီး ဆူပူလှုပ်ရှားမှုများဖြစ်အောင် အစဉ်တစိုက်လုပ်ဆောင်နေသည့် NLD ပါတီဝင် စုစုနွေးပါ ၂၉ဦးအဖွဲ့ စုဝေးရောက်ရှိလာစဉ် ဆူပူမှုကိုမလိုလားသော အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများက ဝိုင်းဝန်းတားဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာသို့ အပ်နှံခဲ့ကြောင်း၊ အလားတူပင် လှိုင်သာယာမြို့နယ်အတွင်း ဆူပူလှုပ်ရှားမှုများဖြစ်ပေါ်အောင် သွေးထိုးလှုံ့ဆော်ခဲ့သည့် သန့်ဇင်မျိုးနှင့်အဖွဲ့ကိုလည်း ဆူပူမှုကိုမလိုလားသော ပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းပြီး သက်ဆိုင်ရာသို့အပ်နှံခဲ့ကြောင်းသတင်းကို ဖတ်ရှုလိုက်ရပါသည်။

ထိုသတင်းကို ဖတ်ရှုရပြီးနောက် စာဖတ်သူမိတ်ဆွေများနှင့် နေ့စဉ်လိုလို ဆုံတွေ့ခဲ့သော်လည်း အကျယ်တဝင့် ဆွေးနွေးမှု မပြုဖြစ်ခဲ့ပါ။ အဘယ့်ကြောင့်ဆိုသော် ထိုသတင်းနှင့် ဆက်စပ်၍ နောက်ဆက်တွဲလှုံ့ဆော်လာမည့် ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် လက်ဝေခံပြည်ပ မီဒီယာများ၏ တိုက်ကွက်ကို ကြိုမြင်နေကြ၍ ဖြစ်ပါသည်။ မကြာမီရက်ပိုင်းက စာဖတ်သူမိတ်ဆွေများ ပြန်ဆုံကြရာတွင် သတင်းအချက်အလက်များ စုံလင်စွာရရှိခဲ့၍ အောက်ပါအတိုင်း စကားဝိုင်းဖွဲ့ဖြစ်ကြပါသည်-

“စာဖတ်သူကြီးရေ၊ ကျွန်တော်တို့ ကြိုတင်တွက်ဆထားတဲ့အတိုင်း ကွက်တိပဲ။ ပြည်တွင်း ပြည်ပအဖျက်သမားတွေနဲ့ ပြည်ပမီဒီယာတွေ အတိုင်အဖောက်လုပ်ပြီး ကြေညာချက်တွေ ပလူပျံအောင် ထွက်လာပါကလားဗျ”

“ဒီယုန်မြင်လို့ ဒီချုံထွင်ထားတဲ့ ဓာတ်ညွှန်းပဲဗျာ။ ကြိုတင်အကွက်ချစီမံထားတဲ့ ဓာတ်ညွှန်းအတိုင်း အသွင်ပြောင်းဒီပလိုမေစီရဲ့ ဓာတ်ကောင်တွေက ဓာတ်ဆရာကြီး နှုတ်တိုက်ချပေးတဲ့အတိုင်း ပြောကြားလာရတာပေါ့”

“ဟုတ်တယ်ဗျို့၊ ၁၇ ရက်နေ့ည VOA က ထုတ်လွှင့်သွားတဲ့ သတင်းမှာ NLD နဲ့ ၈၈ မျိုးဆက်ကျောင်းသားတွေက ဒေါ်စုကြည်လွတ်မြောက်ရေးအတွက် ဝတ်ပြုဆုတောင်းသူတွေကို ပြည်သူအမည်ခံလူတစ်စုက ဖမ်းဆီးနေတယ်လို့ ကြေညာချက်ထုတ်ပြီး အခုလို လုပ်ဆောင်နေတာတွေကို ရပ်တန်းကရပ်ဖို့ တောင်းဆိုထားတယ်ဆိုပါလား”

“၈၈ မျိုးဆက်ကျောင်းသားအုပ်စုက ကိုကိုကြီးဆိုသူကလဲ ‘သာမန်ပြည်သူအနေနဲ့ အိပ်မက်တောင်မမက်ရဲတဲ့ ကိစ္စဖြစ်ကြောင်း၊ ဒီလိုမျိုးလုပ်ဖို့ဆိုတာဟာ စနစ်တကျစီစဉ်ပြီးတော့ တချို့ဆိုရင် နေ့စား တစ်နေ့ကို ဘယ်လောက်နဲ့ခေါ်လာတာမျိုးတွေကအစ ဖြစ်နေကြောင်း၊ ဘယ်လိုမှ သာမန်ပြည်သူအနေနဲ့မလုပ်နိုင်တဲ့အခြေအနေမျိုးဖြစ်ကြောင်း’ VOA နဲ့ အတိုင်အဖောက်လုပ်ပြီး ပြည်သူလူထုရဲ့ အခန်းကဏ္ဍကို မှေးမှိန်သေးသိမ်အောင် ပြောသွားတာ ကြားလိုက်ရတယ်ဗျာ”

“NLD ရဲ့ ကြေညာချက်(၄/၀၅/၀၇)မှာလဲ ‘အဖွဲ့ချုပ်အဖွဲ့ဝင်များကို အာဏာပိုင်တို့က ကျောထောက်နောက်ခံပြုထားသော ပြည်သူ့စွမ်းအားရှင်ဟူသောအဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားကြပါသည်၊ ပြည်သူ့စွမ်းအားရှင်ဟူသောအဖွဲ့မှာ ပြည်သူထဲမှ အနည်းငယ်ကို အာဏာပိုင်တို့အလိုကျ ခိုင်းစေခြင်း ခံရသူများဖြစ်ပါသည်’လို့ ပြည်သူလူထုကို သွေးခွဲသပ်လျှိုထားတာကိုလဲ တွေ့လိုက်ရတယ်”

“ဒါဟာ နယ်ချဲ့ဆန့်ကျင်ရေးနဲ့ အမျိုးသားလွတ်မြောက်ရေးသမိုင်းအစဉ်အလာကြီးမားတဲ့ ပြည်သူလူထုကို မတော်မတရား စော်ကားလိုက်တာပဲ”

“ဒါတင်မကဘူး၊ လွတ်လပ်ရေးရရှိချိန်ကစပြီး နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်ကို ဝိုင်းဝန်းထမ်းဆောင်ခဲ့တဲ့ ပြည်သူ့သားကောင်းတွေကို မထီလေးစား ပမာမခန့်ပြုရာလဲ ရောက်နေသဗျ”

“မှန်တယ်ဗျို့၊ ကိုလိုနီနယ်ချဲ့တွေ အောက်မြန်မာပြည်ကို ကျူးကျော်သိမ်းပိုက်ခဲ့ချိန်ကစပြီး တိုင်းတစ်ပါးကျွန်အဖြစ် နှံ့နစ်မခံလိုကြတဲ့ မျိုးချစ်ပြည်သူတွေဟာ နယ်မြေဒေသအလိုက် စုပေါင်းပြီး ရရာလက်နက်နဲ့ ကိုလိုနီနယ်ချဲ့တွေကို တွန်းလှန်တိုက်ထုတ်ခဲ့ကြတယ်။ အဲ့ဒီသမိုင်းကြောင်းကို ဒီမောင်တွေ ဥပေက္ခာပြုနေတာလား၊ မြန်မာ့နိုင်ငံရေးကို မကျေညက်တာလား၊ တစ်ခုခုတော့ မှားနေပြီထင်တယ်”

“နယ်ချဲ့ဗြိတိသျှတွေကို မြစ်ဝကျွန်းပေါ်ဒေသက ရှုပ်ရှုပ်ချွံချွံ တွန်းလှန်တိုက်ထုတ်ခဲ့တဲ့ မျိုးချစ်ခေါင်းဆောင် ဗိုလ်မြတ်ထွန်းသာ သက်ရှိထင်ရှား ရှိနေမယ်ဆိုရင် ပြည်သူ့စွမ်းအားကို မထီလေးစား ပြုရကောင်းလားဆိုပြီး အဲဒီမောင်တွေကို နုပ်နုပ်စဉ်းပစ်မှာ မြင်ယောင်မိတယ်ဗျာ”

“ဟုတ်တယ်ဗျို့၊ တိုင်းရင်းသားပြည်သူတွေကို စုစည်းခေါင်းဆောင်ပြီး နယ်ချဲ့ရဲ့ ကျူးကျော်စော်ကားမှုကို ဒူးမထောက်လက်မမြှောက်ဘဲ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲဝင်ခဲ့တဲ့ ဗိုလ်မြတ်ထွန်းဟာ အမေကျော်ဒွေးတော်လွမ်းတဲ့ စကားပြောကြားမိတဲ့ သူ့သားအရင်း မောင်ပျပ်ကြီးကို အမျိုးသားသစ္စာဖောက်တို့ရဲ့ ဓာတ်သိမ်းခန်းအဖြစ် ကိုယ်တိုင်စီရင်ခဲ့တယ်ဆိုတာ ဒီမောင်တွေ ကြားဖူးနားဝရှိရင် ဖျားသွားမှာ သေချာတယ်”

“၁၈၈၅ ခုနှစ်မှာ နယ်ချဲ့ဗြိတိသျှတွေက မောင်ပျပ်ကြီးတို့လို ပြည်ပအားကိုးပုဆိန်ရိုးတွေရဲ့ သခင်အားရကျွန်ပါးဝလုပ်ရပ်တွေကို ခုတုံးလုပ်အသုံးချပြီး မြန်မာတစ်နိုင်ငံလုံးကို ကျူးကျော်သိမ်းပိုက်ခဲ့တယ်။ အဲဒီအချိန်မှာ သမိုင်းအစဉ်အဆက် အေးအတူပူအမျှ နေထိုင်လာခဲ့ကြတဲ့ တိုင်းရင်းသား ပြည်သူတွေဟာ ဘယ်သူ့ရဲ့ တိုက်တွန်းနှိုးဆော်မှုမှမပါဘဲ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ် နိုးကြားတက်ကြွစွာနဲ့ ကိုလိုနီနယ်ချဲ့တွေကို တောင်ပေါ်မြေပြန့်ဒေသအနှံ့ကနေ ခုခံတွန်းလှန်ခဲ့ကြတယ်မဟုတ်လား”

“အခုလဲ နယ်ချဲ့နောက်လိုက် ဒေါ်လာစားတွေ ပြည်ပဆရာကြီးအလိုကျ တိုင်းပြည်မတည်မငြိမ်ဖြစ်အောင် ဆူပူလှုံ့ဆော်လာတာကို အေးချမ်းသာယာမှုကိုလိုလားတဲ့ ပြည်သူလူထုက လက်ပိုက် ကြည့်မနေနိုင်ဘဲ ပင်ကိုအသိစိတ်ဓာတ်နဲ့ ဝိုင်းဝန်းဟန့်တားနေကြတာပဲ”

“ဒါဟာ အရေးကြီးရင် သွေးစည်းညီညွတ်ကြတဲ့၊ အရေးကြုံရင် သက်လုံကောင်းကြတဲ့ ပြည်သူလူထုရဲ့ ထာဝရစွမ်းပကားပဲဗျ”

“မြန်မာ့သမိုင်းစဉ်တစ်လျှောက်မှာ အချုပ်တန်းဆရာဖေ ရေးစပ်တဲ့ တေးထပ်ထဲကအတိုင်း နယ်ချဲ့လက်ဟောင်းလက်သစ်တွေကို ‘ဦးချလို့ ပလူးကြ ပြေးကြို့အခါခါ၊ ခွေးသို့ပမာ’ဆိုတဲ့ အမျိုးသား သစ္စာဖောက်တချို့ ရှိနေသလို နယ်ချဲ့လက်ဟောင်းလက်သစ်တွေကို ‘သူ့နိုင်ငံသား၊ သံမှုန့်စားမှ၊ ဒို့ဓားတုံးမည်၊ မှတ်တော်တည်လော့’ဆိုပြီး ဒူးမထောက်လက်မမြှောက် ဦးမညွတ်တဲ့ မျိုးချစ်ပြည်သူ အမြောက်အမြားရှိနေပါကလားဆိုတာ အဲ့ဒီမောင်တွေ မှတ်လောက်သားလောက် ဖြစ်ဖို့ကောင်းနေတာ အမှန်ပဲ”

“ဟုတ်တယ်ဗျို့၊ ကိုလိုနီနယ်ချဲ့တွေရဲ့သေ…
ဝမ်းချမှုတွေကြောင့် မြန်မာပြည်သူတွေရဲ့ အမျိုး…
တက်ကြွမှုဟာ ကာလအခိုက်အတန့်တစ်ခုအား…
ဖြစ်ခဲ့ပေမယ့် မျိုးချစ်စိတ်ဓာတ်ကတော့ …
တရဲရဲဆိုသလို ထာဝရရှင်သန်နေတာပဲ မဟု…

“ဒါကြောင့်မို့ မြန်မာ့လွတ်လပ်ရေးတိုက…
ဆင်နွှဲချိန်မှာ ပြည်သူတစ်ရပ်လုံးဟာ တပ်မတော်…
ကျကျ ပါဝင်ဆင်နွှဲခဲ့ကြတယ်လေ”

“လွတ်လပ်ရေး ပြန်လည်ရရှိပြီး နော…
ကာကွယ်ရေးတာဝန်သည် နိုင်ငံသားတိုင်း…
သည်’လို့ ခံယူခဲ့ကြတယ်။ CIA ရဲ့ ကြိုးကိုင်မှုနဲ့…
ကျူးကျော်လာတဲ့ ကူမင်တန်တပ်တွေကို …
တပ်မတော်နဲ့အတူ လက်တွဲပူးပေါင်းဆင်နွှဲ…
အထင်အရှားပါပဲ”

“အဲဒီလို တိုင်းတစ်ပါးရဲ့ ကျူးကျော်စော်…
မခံတဲ့ မြန်မာပြည်သူတွေကို ဗမာပြည်ကွန်မြူ…
ဂဏစွဲ၊ ဝါဒစွဲတွေနဲ့ သွေးခွဲပြီး ပြည်တွင်း…
အတွင်းကို ဆွဲသွင်းခဲ့သေးတယ် မဟုတ်လား…

**“ဟုတ်တယ်လေ၊ ဒီနေ့ NLD နဲ့ အပေါ…
ကျောင်းသားဆိုသူတွေလုပ်နေသလိုပဲ ဗကပ…
ဆန္ဒပြလှုံ့ဆော်ပွဲတွေနဲ့ သူတို့ပါတီ ဖြတ်…
အတွက် ပြည်သူလူထုကို ရက်ရက်စက်စက်…
တယ်။ ဒါပေမယ့် အမျိုးသားနိုင်ငံရေးနဲ့ …
သိမြင်ကြတဲ့ ပြည်သူတွေက ဗကပရဲ့ ထော…
ဆင်းဘဲ ပြည်သူ့စစ်ပွဲတွေကို အထင်ကရ ဆ…
မှတ်မိကြဦးမှာပေါ့”**

“ဘယ်မမှတ်မိဘဲ ရှိပါ့မလဲ။ မြစ်ဝကျွ…
မိုးဟိန်းစစ်ဆင်ရေးကြီးတွေ၊ ပဲခူးရိုးမက အောင်…
ပြည်သူတွေကိုယ်တိုင် တပ်မတော်နဲ့လက်တွဲပြီး …
ကျူငုတ်မကျန်အောင် တိုက်ထုတ်ခဲ့ကြတာ မြ…
မော်ကွန်းမှတ်တိုင်ပဲဗျ”

**“တိုင်းပြည်မှာ အရေးကြုံလာတိုင်း တပ်…
မားမားမတ်မတ် ရပ်တည်ခဲ့သလို ပြည်သူလူ…
မဏ္ဍိုင်ပြုပြီး နိုင်ငံ့အရေးကိစ္စဟူသမျှမှာ ပူး…
ခဲ့ကြတာဟာ မြန်မာ့သမိုင်းရဲ့ အစဉ်အလာကော…**

“မှန်တယ်ဗျို့၊ ၁၉၈၈ ခုနှစ် အရေးအခင်း…
လိုလားချက်အစစ်အမှန်က တိုင်းပြည်အေးချ…
ဖွံ့ဖြိုးတိုးတက်ရေးပဲဖြစ်တယ်။ ဒါပေမယ့် နယ်…
ဗကပက လက်ဝဲ၊ ဘေးနံ့နှစ်ဖက်ကနေ ညှပ်ပူ…
ခဲ့ကြတယ်။ ဒါကြောင့်မို့ သွေးရိုးသားရိုးဆန္ဒ…
လုယက်၊ ဖျက်ဆီး၊ ဆူပူအကြမ်းဖက်တဲ့ …
ပြန့်ပွားပြီး ထိန်းမနိုင်သိမ်းမရ ဖြစ်ခဲ့ရတယ်…

“နောက်ဆုံးမှာ နိုင်ငံရေး အချောင်သမ…
လုပ်ရပ်ကြောင့် ပြည်သူလူထုဟာ ကျီးလန့်စာစာ…
အသက်အိုးအိမ် စည်းစိမ်လုံခြုံမှု ကင်းမဲ့တဲ့…
ခဲ့ကြရတာ ခင်ဗျားတို့ ကျွန်တော်တို့ ကိုယ်…

“အဲဒီကာလတုန်းက ဆူပူအကြမ်းဖက်မှု…
ပြည်သူတွေဟာ ရပ်မိရပ်ဖတွေနဲ့ စုပေါင်းတိုင်…
အေးချမ်းသာယာရေးနဲ့ လုံခြုံရေးအတွက် နိုးနိ…
ကြွကြွ ကာကွယ်စောင့်ရှောက်ခဲ့ကြတယ်လေ…

“အဲဒီလို အကွပ်မဲ့ကြမ်းပရမ်းပတာနဲ့ မ…
ချိန်မှာ တပ်မတော်က ပြည်သူလူထုရဲ့ အသက်…
အချုပ်အခြာအာဏာ မဆုံးရှုံးစေရေးအတွက်…
ထိန်းသိမ်းရယူခဲ့ရတာဟာ သမိုင်းဖြစ်ရပ်မှန်…

“အဲ့ဒီအချိန်ကစပြီး **ပြည်သူလူထုရဲ့ လိုလ…
စနစ်ကိုဖျက်သိမ်းပြီး ပါတီစုံဒီမိုကရေစီစနစ်ကို…
ပြည်သူတွေမလိုလားတော့တဲ့ ဆိုရှယ်လစ်စီးပွား…
ပြည်သူတွေလိုလားတဲ့ ဈေးကွက်စီးပွားရေးစန…
ပေးနေတယ်။ ဒါတွေအားလုံး ယနေ့ထက်…
မဟုတ်လား”**

**“ဒါကြောင့်မို့ ပြည်သူလူထုက ယနေ့ကျ…
တိုင်းကျိုးပြည်ပြုလုပ်ငန်းတွေ၊ နိုင်ငံတော်တည်…
ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်း…
သက်ဝင်မှုအပြည့်အဝနဲ့ ပူးပေါင်းဆောင်ရွက်…**

“အခုလို မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွ…
စဉ်ကို လက်ငင်းလက်တွေ့ ဖော်ဆောင်နေတ…
အပေါင်းပါ ပြည်ပြေးတွေ၊ ၈၈ မျိုးဆက်…
ဘာ့ကြောင့်များ ကပျက်ယပျက် ဝင်လုပ်နေ…

“အဓိကကတော့ နယ်ချဲ့လက်သစ်ရဲ့လက်…
သမားဝါဒနဲ့ ဗကပရဲ့ နောက်မြီးဆွဲ လက်ဝဲ…
နေလို့ပဲဖြစ်တယ်။ ဒီနေ့ NLD နဲ့ အပေါင်း…
နေတဲ့ ဒီမိုကရေစီဆိုတာ ဝေလေလေဒီမိုက…

“ပြည်သူလူထုရဲ့ လိုလားချက်အတိုင်း တစ်ပါတီစနစ်ကိုဖျက်သိမ်းပြီး ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးခဲ့တယ်။ ပြည်သူတွေမလိုလားတော့တဲ့ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ဖျက်သိမ်းပြီး ပြည်သူတွေလိုလားတဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဖော်ဆောင်ပေးနေတယ်။ ဒါတွေအားလုံး ယနေ့ထက်တိုင် မျက်မြင်ထင်ရှားပဲ မဟုတ်လား”

“ဒါကြောင့်မို့ ပြည်သူလူထုက ယနေ့ကျင့်သုံးဖော်ဆောင်ပေးနေတဲ့ တိုင်းကျိုးပြည်ပြုလုပ်ငန်းတွေ၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေ၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွေအပေါ် ယုံကြည်သက်ဝင်မှုအပြည့်အဝနဲ့ ပူးပေါင်းဆောင်ရွက်နေကြတာဖြစ်တယ်ဗျ”

"ဟုတ်တယ်ဗျို့၊ ကိုလိုနီနယ်ချဲ့တွေရဲ့သွေးခွဲအုပ်ချုပ်မှု၊ ပျားရည်နဲ့ ဝမ်းချမှုတွေကြောင့် မြန်မာပြည်သူတွေရဲ့ အမျိုးသားနိုင်ငံရေးအသိ နိုးကြားတက်ကြွမှုဟာ ကာလအခိုက်အတန့်တစ်ခုအားဖြင့် မီးခဲပြာဖုံး ဖြစ်ကောင်း ဖြစ်ခဲ့ပေမယ့် မျိုးချစ်စိတ်ဓာတ်ကတော့ တောက်မယ့်မီးခဲ အရှိန်နဲ့ တရဲရဲဆိုသလို ထာဝရရှင်သန်နေတာပဲ မဟုတ်လား"

"ဒါကြောင့်မို့ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲ နောက်ဆုံးအဆင့်ကို ဆင်နွှဲချိန်မှာ ပြည်သူတစ်ရပ်လုံးဟာ တပ်မတော်သားတွေနဲ့အတူ ရှေ့တန်းကျကျ ပါဝင်ဆင်နွှဲခဲ့ကြတယ်လေ"

"လွတ်လပ်ရေး ပြန်လည်ရရှိပြီး နောက်ပိုင်းမှာလဲ 'နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် နိုင်ငံသားတိုင်း၏ မွေးရာပါတာဝန်ဖြစ်သည်'လို့ ခံယူခဲ့ကြတယ်။ CIA ရဲ့ ကြိုးကိုင်မှုနဲ့ မြန်မာနိုင်ငံကို ဝင်ရောက်ကျူးကျော်လာတဲ့ ကူမင်တန်တပ်တွေကို တွန်းလှန်တိုက်ထုတ်ရာမှာ တပ်မတော်နဲ့အတူ လက်တွဲပူးပေါင်းဆင်နွှဲခဲ့တာလဲ သမိုင်းစဉ်မှာ အထင်အရှားပါပဲ"

"အဲဒီလို တိုင်းတစ်ပါးရဲ့ ကျူးကျော်စော်ကားမှုကို လုံးဝအထိပါးမခံတဲ့ မြန်မာပြည်သူတွေကို ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)က ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲတွေနဲ့ သွေးခွဲပြီး ပြည်တွင်းသောင်းကျန်းမှု ပဋိပက္ခအတွင်းကို ဆွဲသွင်းခဲ့သေးတယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ ဒီနေ့ NLD နဲ့ အပေါင်းပါတွေ၊ ၈၈ မျိုးဆက်ကျောင်းသားဆိုသူတွေလုပ်နေသလိုပဲ ဗကပတွေက တောင်းပွဲတိုက်ပွဲ၊ ဆန္ဒပြလှုံ့ဆော်ပွဲတွေနဲ့ သူတို့ပါတီ ဖြတ်လမ်းက အာဏာရရှိရေးအတွက် ပြည်သူလူထုကို ရက်ရက်စက်စက်စတေးဖို့ လုပ်ကြံခဲ့သေးတယ်။ ဒါပေမယ့် အမျိုးသားနိုင်ငံရေးနဲ့ ပါတီနိုင်ငံရေးကို ခွဲခြားသိမြင်ကြတဲ့ ပြည်သူတွေက ဗကပရဲ့ ထောင်ချောက်အတွင်း မသက်ဆင်းဘဲ ပြည်သူ့စစ်ပွဲတွေကို အထင်ကရ ဆင်နွှဲခဲ့ကြတာ ခင်ဗျားတို့ မှတ်မိကြဦးမှာပေါ့"

"ဘယ်မမှတ်မိဘဲ ရှိပါ့မလဲ။ မြစ်ဝကျွန်းပေါ်က ရွှေလင်းယုန်၊ မိုးဟိန်းစစ်ဆင်ရေးကြီးတွေ၊ ပဲခူးရိုးမက အောင်စိုးမိုးစစ်ဆင်ရေးကြီးတွေနဲ့ ပြည်သူတွေကိုယ်တိုင် တပ်မတော်နဲ့လက်တွဲပြီး ဗကပတွေကို ကျူပြင်ခုတ်ကျူငုတ်မကျန်အောင် တိုက်ထုတ်ခဲ့ကြတာ မြန်မာ့သမိုင်းရဲ့ အထင်ကရ မော်ကွန်းမှတ်တိုင်ပဲဗျ"

"တိုင်းပြည်မှာ အရေးကြုံလာတိုင်း တပ်မတော်က ပြည်သူ့ရှေ့က မားမားမတ်မတ် ရပ်တည်ခဲ့သလို ပြည်သူလူထုကလဲ တပ်မတော်ကို မဏ္ဍိုင်ပြုပြီး နိုင်ငံ့အရေးကိစ္စဟူသမျှမှာ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြတာဟာ မြန်မာ့သမိုင်းရဲ့ အစဉ်အလာကောင်းတစ်ရပ် ဖြစ်နေပြီလေ"

"မှန်တယ်ဗျို့၊ ၁၉၈၈ ခုနှစ် အရေးအခင်းကာလမှာ ပြည်သူလူထုရဲ့ လိုလားချက်အစစ်အမှန်က တိုင်းပြည်အေးချမ်းသာယာရေးနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးပဲဖြစ်တယ်။ ဒါပေမယ့် နယ်ချဲ့လက်သစ်က လက်ယာ၊ ဗကပက လက်ဝဲ၊ ဘေးနံနှစ်ဖက်ကနေ ညှပ်ပူးညှပ်ပိတ် လုပ်ကြံဖန်တီးခဲ့ကြတယ်။ ဒါကြောင့်မို့ သွေးရိုးသားရိုးဆန္ဒပြပွဲတွေကနေ လူသတ်၊ လုယက်၊ ဖျက်ဆီး၊ ဆူပူအကြမ်းဖက်တဲ့ မင်းမဲ့စရိုက်တွေ ကူးစက်ပြန့်ပွားပြီး ထိန်းမနိုင်သိမ်းမရ ဖြစ်ခဲ့ရတယ်မဟုတ်လား"

"နောက်ဆုံးမှာ နိုင်ငံရေး အချောင်သမားတွေရဲ့ ပွဲလုန့်ဖျာခင်းလုပ်ရပ်ကြောင့် ပြည်သူလူထုဟာ ကျီးလန့်စာစားဘဝကို ရောက်ခဲ့ရတယ်။ အသက်အိုးအိမ် စည်းစိမ်လုံခြုံမှု ကင်းမဲ့တဲ့အထိ အတိဒုက္ခရောက်ခဲ့ကြရတာ ခင်ဗျားတို့ ကျွန်တော်တို့ ကိုယ်တွေ့ပါပဲ"

"အဲဒီကာလတုန်းက ဆူပူအကြမ်းဖက်မှုတွေကို မလိုလားမနှစ်မြို့တဲ့ ပြည်သူတွေဟာ ရပ်မိရပ်ဖတွေနဲ့ စုပေါင်းတိုင်ပင်ပြီး မိမိတို့ ရပ်ရွာဒေသ အေးချမ်းသာယာရေးနဲ့ လုံခြုံရေးအတွက် နိုးနိုးကြားကြား၊ တက်တက်ကြွကြွ ကာကွယ်စောင့်ရှောက်ခဲ့ကြတယ်လေ"

"အဲဒီလို အကွပ်မဲ့ကြမ်းပရမ်းပတာနဲ့ မင်းမဲ့တိုင်းပြည်လို ဖြစ်နေချိန်မှာ တပ်မတော်က ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးနဲ့ အချုပ်အခြာအာဏာ မဆုံးရှုံးစေရေးအတွက် နိုင်ငံတော် တာဝန်ကို ထိန်းသိမ်းရယူခဲ့ရတာဟာ သမိုင်းဖြစ်ရပ်မှန်ပါ"

"အဲ့ဒီအချိန်ကစပြီး **ပြည်သူလူထုရဲ့ လိုလားချက်အတိုင်း တစ်ပါတီစနစ်ကိုဖျက်သိမ်းပြီး ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးခဲ့တယ်။ ပြည်သူတွေမလိုလားတော့တဲ့ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ဖျက်သိမ်းပြီး ပြည်သူတွေလိုလားတဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဖော်ဆောင်ပေးနေတယ်။ ဒါတွေအားလုံး ယနေ့ထက်တိုင် မျက်မြင်ထင်ရှားပဲ မဟုတ်လား"**

"ဒါကြောင့်မို့ ပြည်သူလူထုက ယနေ့ကျင့်သုံးဖော်ဆောင်ပေးနေတဲ့ တိုင်းကျိုးပြည်ပြုလုပ်ငန်းတွေ၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေ၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွေအပေါ် ယုံကြည်သက်ဝင်မှုအပြည့်အဝနဲ့ ပူးပေါင်းဆောင်ရွက်နေကြတာ ဖြစ်တယ်ဗျ"

"အခုလို မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်ကို လက်ငင်းလက်တွေ့ ဖော်ဆောင်နေတာကိုသိလျက်နဲ့ NLD နဲ့ အပေါင်းပါ ပြည်ပြေးတွေ၊ ၈၈ မျိုးဆက်ကျောင်းသား ဆိုသူတွေက ဘာ့ကြောင့်များ ကပျက်ယပျက် ဝင်လုပ်နေကြတာလဲဗျာ"

"အဓိကကတော့ နယ်ချဲ့လက်သစ်ရဲ့လက်ဝေခံ လက်ယာအချောင်သမားဝါဒနဲ့ ဗကပရဲ့ နောက်မြီးဆွဲ လက်ဝဲအချောင်သမားဝါဒပူးကပ်နေလို့ပဲဖြစ်တယ်။ ဒီနေ့ NLD နဲ့ အပေါင်းပါတွေ ဗန်းပြကြွေးကြော်နေတဲ့ ဒီမိုကရေစီဆိုတာ ဝေလေလေဒီမိုကရေစီ ဖြစ်နေပြီဗျ"

"သေချာတာပေါ့၊ ပြည်ပြေး NLD တွေနဲ့ ဗကပယူဂျီလက်ကျန်တွေ ပူးပေါင်းလုပ်ကြံ ရေးဆွဲပေးထားတဲ့ လူထုတိုက်ပွဲ စီမံချက်ဆိုရင်လဲ NLD က လေယူရာတိမ်းယိမ်းနွဲ့ပြီး လက်ခံကျင့်သုံး လိုက်တာပဲ။ ကိုလိုနီနယ်ချဲ့လက်သစ် လုပ်ကြံအကွက်ချထားတဲ့ အသွင်ပြောင်း ဒီမိုကရေစီဇာတ်ညွှန်းမှာလဲ ဇာတ်ကောင်တွေအဖြစ် ပါဝင်ကပြ အသုံးတော်ခံနေကြတာပဲ"

"ဟုတ်တယ်ဗျို့၊ ပြည်ပဆရာကြီးတွေက မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ကြိုးကိုင် နိုင်ဖို့အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ခုတုံးလုပ်အသုံးချဖို့ ကြိုးပမ်းအားထုတ်တော့လဲ ဝမ်းသာအားရ ထောက်ခံတဲ့အထဲ NLD က ရှေ့ဆုံးကပဲ"

"NLD နောက်က နောက်ယောင်ခံလိုက်ရင်း NLD ရဲ့ တံကောက်ခွက်ကို နင်းပြီးကျော်တက်ဖို့ ကြိုးစားနေတဲ့ ၈၈ မျိုးဆက်ကျောင်းသား အုပ်စုကလဲ ဝိုင်းကြီးပတ်ပတ်ဒူဝေဝေ လိုက်လုပ်နေတယ်လေ"

"လုံခြုံရေးကောင်စီကလက်မခံဘဲ ဗီတိုအာဏာနဲ့ ပယ်ချလိုက်ပြန်တော့ ပြည်တွင်းဆူပူအုံကြွမှုတွေလုပ်မှ ရမယ်ဆိုတဲ့ ဗကပရဲ့လူထုတိုက်ပွဲစီမံချက်အရရော၊ အသွင်ပြောင်းဒီပလိုမေစီက သွန်သင်ညွှန်ပြတဲ့ ဂျင်းရှပ်ရဲ့ အဖျက်နည်းလမ်းတွေနဲ့ပါ အခုလို တစ်စခန်းထလာပြန်တာ မဟုတ်လား"

"ဂျင်းရှပ်ရဲ့ နည်းနာနိဿယတွေထဲမှာ ဘာသာရေးကိုခုတုံးလုပ်ပြီး ဆုတောင်းပွဲတွေလုပ်ဖို့၊ တရားဥပဒေစိုးမိုးမှုပျက်ပြားအောင်လုပ်ဖို့ စတဲ့ သွယ်ဝိုက်ရင်ဆိုင်ဆန့်ကျင်ရေး နည်းလမ်းမျိုးစုံ ချမှတ် ပေးထားတာကို တွေ့ရတယ်ဗျ"

"ဂျင်းရှပ်ကိုယ်တိုင်က သူ့ရဲ့ တိုက်ကွက်တွေဟာ ဆိုဗီယက်ပြည်ထောင်စုကို ပြိုကွဲသွားစေတဲ့ တိုက်ကွက်တွေဖြစ်ကြောင်း ပြောခဲ့တယ်ဆိုပဲ"

"ဒီအကြောင်းတွေကို ပြည်သူတွေက သိကုန်ကြပါပြီ။ ၁၉၈၉ ခုနှစ်ကစပြီး ဒေါ်စုကြည်နဲ့ NLD က ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေးနဲ့ အလုံးစုံပျက်သုဉ်းရေးကို စွဲကိုင်ကျင့်သုံးခဲ့တယ်။ တစ်ပြိုင်တည်းမှာပဲ ပြည်ပြေးသောင်းကျန်းသူတွေက အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့တယ်။ ဒီလုပ်ရပ်တွေကို ပြည်သူလူထုက စက်ဆုပ်ရွံရှာမုန်းတီးနေတဲ့အတွက် အချိုးပြောင်းပြီး သွယ်ဝိုက်ရင်ဆိုင် ဆန့်ကျင်ရေးနည်းလမ်းကို စွဲကိုင်ကျင့်သုံးလာတာပဲဗျ"

"မင်းကိုနိုင်တို့၊ ကိုကိုကြီးတို့လဲ ဘာထူးလို့လဲ၊ ဒီပုတ်ထဲက ဒီပဲတွေပဲမဟုတ်လား။ ၁၉၈၉ ခုနှစ်မှာ တပ်မတော်အစိုးရဆန့်ကျင်မှုတွေကို အတောမသတ်ဘဲ ပြုလုပ်ခဲ့တဲ့အတွက် တည်ဆဲဥပဒေအရ အရေးယူခံခဲ့ကြရတယ်။ ၂၀၀၅ ခုနှစ်ပိုင်းမှာ ပြစ်ဒဏ်ကျခံရာကနေ ပြန်လွတ်လာတော့ နောက်တစ်ခါ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရင် တစ်ကျော့ပြန်ထောင်ထဲဝင်ရမှာ သေချာနေတာမို့ သွယ်ဝိုက်ရင်ဆိုင်ဆန့်ကျင်မှု Campaign အမျိုးမျိုးကို မှင်သေသေနဲ့ လုပ်နေကြတာလေ"

"အဲဒါကလဲ တရားမဝင်ဖွဲ့စည်းခဲ့တဲ့ ဗကသမှာ ဒုဥက္ကဋ္ဌအဖြစ် မင်းကိုနိုင်တို့ ကိုကိုကြီးတို့နဲ့အတူ ထိပ်တိုက်ရင်ဆိုင်မှုပြုခဲ့ပြီး အခု အမေရိကန်မှာ US Campaign for Burma ဆိုတဲ့အဖွဲ့ရဲ့ ဒါရိုက်တာလုပ်နေတဲ့ အောင်ဒင်တို့အုပ်စုရဲ့ ပြည်ပက နည်းပေးလမ်းပြအတိုင်း လိုက်လုပ်နေတာပဲဗျ"

"မှန်တယ်ဗျို့၊ ၈၈ မျိုးဆက်ကျောင်းသားအုပ်စုအမည်ခံပြီးလုပ်ခဲ့တဲ့ Letter Campaign၊ Prayer Campaign၊ White Expression Campaign၊ White Line Campaign ဆိုတာတွေဟာ ၂၀၀၅ ခုနှစ်လောက်ကတည်းက အောင်ဒင်တို့ ပြည်ပြေးတစ်သိုက် အမေရိကန်နဲ့ အနောက်နိုင်ငံတချို့မှာ ပြည်ပဆရာကြီးအလိုကျ စလုပ်ခဲ့တဲ့ လှုပ်ရှားမှုတွေပဲဗျ၊ အဲ့ဒီ Campaign မျိုးစုံကို ပြည်တွင်းမှာ ထပ်ဆင့်လုပ်လာတာဖြစ်တယ်ဆိုတာ မျက်ခြည်မပြတ် အကဲခတ်နေသူတိုင်း သိနေကြပါတယ်ဗျာ"

"အဲဒီလို ၈၈ မျိုးဆက်ကျောင်းသားအုပ်စုက NLD ရဲ့ တံကောက်ခွက်ကိုနင်းပြီး Campaign အမျိုးမျိုးတွေနဲ့ သွယ်ဝိုက်ရင်ဆိုင်ဆန့်ကျင်မှုတွေ လုပ်လာတာမို့ NLD ကလဲ ထောက်ခံသယောင်၊ အားပေးသယောင်နဲ့ ရောယောင်ပြီး မနည်းလိုက်စည်းရုံးနေရတယ်လို့လဲ ကြားရသဗျ"

"သဘောပေါက်ပြီဗျို့၊ မြန်မာ့နိုင်ငံရေးဇာတ်ခုံမှာ မင်းသားကြီးမလုပ်ရလို့ ပတ်မကြီးထိုးဖောက်နေကြတဲ့ အုပ်စုအချင်းချင်း သူ့ထက်ကဲ ရွှေပြည်စိုးလုပ်နေကြတာပဲ။ NLD က မင်းကိုနိုင်တို့အဖွဲ့ရဲ့ သွယ်ဝိုက်ရင်ဆိုင် ဆန့်ကျင်မှုတွေနဲ့အပြိုင် စုစုနွေးကို ဒေါ်စုကြည်လွတ်မြောက်ရေး ဝတ်ပြုဆုတောင်းပွဲဆိုတဲ့ Campaign နဲ့ စင်တင်ပွဲထုတ်လာတာ မဟုတ်လား"

"သေချာတာပေါ့၊ မင်းကိုနိုင်က ပြည်ပဆရာကြီးတွေရဲ့ ဘွဲ့တံဆိပ်ခြောက်ဆု ချီးမြှောက်ခံထားရတယ်လေဗျာ။ စုစုနွေးကတော့ ဘွဲ့တံဆိပ်တစ်ခု ရထားပြီးပြီ။ အဲဒီလို တိုင်းဆူပြည်ဖျက်လုပ်ရပ်တွေနဲ့ ဂုဏ်တက်အောင်လုပ်နေတဲ့ သူတွေကို အပြိုင်အဆိုင်ပွဲထုတ်ပြီး ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးမှုပျက်ပြားအောင် လုပ်ကြံဖန်တီးနေကြတာ အမှန်ပဲ"

"သူတို့ဘယ်လိုပဲ လုပ်ကြံလုပ်ကြံ ပြည်သူလူထုကတော့ လုံးဝလက်ခံမှာမဟုတ်ဘူး။ ဒီမိုကရေစီဆိုတာ ဒေါ်လာစားတွေကို ပွဲထုတ်ပြီး တောင်းဆိုနေလို့မရနိုင်ဘူး။ အားလုံးတစ်စိတ်တည်း တစ်ဝမ်းတည်းနဲ့ အသီးသီးကျင့်ကြံလိုက်နာကျင့်သုံးရတဲ့ ကျင့်စဉ်ဆိုတာ သဘောပေါက်နေကြပါပြီ"

"၁၉၈၈ ဆူပူအကြမ်းဖက်မှုရဲ့ ခါးသီးတဲ့အတွေ့အကြုံကြောင့် ပြည်သူတွေက မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုမှာ မိအေးနှစ်ခါနာ အဖြစ်မခံနိုင်ကြတော့ဘူးလေ"

"နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို Campaign အမျိုးမျိုးနဲ့ ကဖျက်ယဖျက်လုပ်ဖို့ သွေးတိုးစမ်းလာသူမှန်သမျှကို အခုလိုပဲ ဝိုင်းဝန်းတားဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာကို အပ်နှံသွားတာဟာ နည်းမှန်လမ်းမှန်နဲ့ သဘာဝကျတဲ့ လုပ်ရပ်ပါဗျာ"

"ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဟာ ပြည်သူ့ဘဝလုံခြုံရေးနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ခြင်းဖြစ်တယ်လို့ ပြည်သူလူထုက ယုံကြည်လက်ခံထားပြီးဖြစ်တယ်လေ။ အဲ့ဒီအတိုင်း လက်တွေ့ကျင့်သုံးနေကြောင်း ဆူပူလှုံ့ဆော်သူမှန်သမျှကို တားဆီးထိန်းသိမ်းနေတဲ့ဖြစ်ရပ်က သက်သေပြနေပါတယ်"

"၈၈ အရေးအခင်းတုန်းက ကိုယ့်ရပ်ကွက်ကို ကိုယ်ကာကွယ်ခဲ့ကြသလို ယခုလဲ ကိုယ့်ရပ်ကွက်မှာ အခြားအရပ်က ဗရုတ်သုတ်ခတွေ ဆူဆူပူပူလာလုပ်လို့ကတော့ ဝိုင်းဝန်းတားဆီးကြမှာပါပဲ။ အဲ့ဒီ ဗရုတ်သုတ်ခတွေထဲမှာ သူခိုးလမ်းပြလုပ်လာတဲ့ ကိုယ့်ရပ်ကွက်သား လူခံပါနေရင်လဲ ရပ်ဓလေ့ရွာဓလေ့ မြန်မာ့ဓလေ့အရ ဝိုင်းပယ်သွားကြမှာပဲဖြစ်တယ်"

"နိုင်ငံတော်နဲ့ ပြည်သူ့အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းကနေ သယ်ပိုးထမ်းဆောင်ဖို့ ဖွဲ့စည်းဆောင်ရွက်နေကြတဲ့ လူမှုရေးအသင်းအဖွဲ့တွေကလဲ အခုလိုပဲ ပြည်သူလူထုနဲ့အတူ နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးတာဝန်တွေကို ပါဝင်ပူးပေါင်း ဆောင်ရွက်သွားသင့်တယ်လို့ သုံးသပ်မိတယ်"

"မှန်တာပေါ့ဗျာ၊ ဒါကြောင့်မို့ အခုစကားဝိုင်းကို ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့က ရန်ကုန်မြို့တော်ခန်းမမှာ ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားသွားတဲ့ မိန့်ခွန်းထဲက ကျွန်တော်မှတ်မိသမျှ ကောက်နုတ်ချက်ကလေးနဲ့ နိဂုံးချုပ်လိုက်ချင်ပါတယ်"

"ဆိုပါဦး၊ ၁၉၄၇ ခုနှစ်ဆိုတာ တိုင်းပြည်မှာ ဆူပူအုံကြွမှုတွေဖြစ်အောင် နယ်ချဲ့နောက်လိုက် တွေကရော၊ ဗကပတွေကပါ ဆူပူထကြွသောင်းကျန်းခဲ့တဲ့ ကာလပဲဗျ"

"ဗိုလ်ချုပ်က **'အခုလို တိုင်းပြည်မှာ မငြိမ်မသက်ဖြစ်အောင်၊ ဆူဆူပူပူဖြစ်အောင်လုပ်နေတဲ့ ကိစ္စတွေဟာ နယ်ချဲ့သမားအကြိုက် လိုက်လုပ်နေတာတွေပဲ။ ဒါတွေဟာ တိုင်းပြည်အတွက် အကျိုးရှိသလား၊ အကျိုးမရှိဘူးလား ခင်ဗျားတို့ စဉ်းစားကြပါ။ ဆူပူသောင်းကျန်းမှုတွေကို မြန်မာပြည်ချစ်တဲ့ လူမှန်သမျှ ဝိုင်းဝန်းနှိမ်နင်းကြဖို့လိုတယ်'**လို့ မှာကြားသွားတယ်လေဗျာ"

"သူတို့ဘယ်လိုပဲ လုပ်ကြံလုပ်ကြံ ပြည်သူလူထုကတော့ လုံးဝလက်ခံမှာ မဟုတ်ဘူး။ ဒီမိုကရေစီဆိုတာ ဒေါ်လာစားတွေကို ပွဲထုတ်ပြီး တောင်းဆိုနေလို့ မရနိုင်ဘူး။ အားလုံး တစ်စိတ်တည်း တစ်ဝမ်းတည်းနဲ့ အသီးသီး ကျင့်ကြံလိုက်နာကျင့်သုံးရတဲ့ ကျင့်စဉ်ဆိုတာ သဘောပေါက်နေကြပါပြီ"
"၁၉၈၈ ဆူပူအကြမ်းဖက်မှုရဲ့ ခါးသီးတဲ့ အတွေ့အကြုံကြောင့် ပြည်သူတွေက မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုမှာ မိအေးနှစ်ခါနာ အဖြစ်မခံနိုင်ကြတော့ဘူးလေ"

အင်ဒိုနီးရှား မြေဟက်တာ ငါးသန်းခန့်၌ သစ်တောစိုက်ပျိုးမည်

ဂျကာတာ မေ ၂၉

အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းရှိ မြေလွတ်မြေရိုင်းများနှင့် လွင်တီးခေါင်ပြင်ဖြစ်နေသော မြေဟက်တာ ငါးသန်းခန့်အား သစ်ပင်၊ သစ်တောအစားထိုးစိုက်ပျိုးရန် အင်ဒိုနီးရှားအစိုးရက စီစဉ်လျက်ရှိကြောင်း အင်ဒိုနီးရှားသစ်တောရေးရာဝန်ကြီး အမ်အက်စ်ကာဘန်က မေ ၂၇ရက်၌ ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် သစ်တောများ ပြန်လည်ထူထောင်ရေး တိုးမြှင့်ဆောင်ရွက်ရာတွင် ပြည်သူများ ပါဝင်ဆောင်ရွက်ကြရေး အင်ဒိုနီးရှား သစ်တောရေးရာဝန်ကြီး အမ်အက်စ်ကာဘန်က ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

အဆိုပါသစ်တောပြန်လည်ထူထောင်ရေးစီမံကိန်းတွင် နိုင်ငံသစ်တောလုပ်ငန်းများ၊ အင်ဒိုနီးရှားနိုင်ငံ ဘိုဂေါလယ်ယာစိုက်ပျိုးရေးသိပ္ပံ၊ အင်ဒိုနီးရှားနိုင်ငံ ဂူနန်ဂျီဒီ အမျိုးသားဥယျာဉ်၊ အနောက်ဂျာဗားပြည်နယ်နှင့် အင်ဒိုနီးရှားသစ်တောဝန်ကြီးဌာနတို့ အကြား ပူးပေါင်းဆောင်ရွက်မှုများဖြင့် အကောင်အထည်ဖော်မည်ဖြစ်သည်။

စတင်

အင်ဒိုနီးရှားနိုင်ငံ သစ်တောရေးရာဝန်ကြီးအနေဖြင့် မိုးခေါင်ရပ်ဝန်းနယ်မြေ မြေလွတ်မြေရိုင်းတို့ ပါဝင်သော မြေအကျယ်အဝန်း ဟက်တာ ၃ဒသမ၈သန်းကို ပထမဦးစွာ စတင်၍ သစ်ပင်၊ သစ်တော စိုက်ပျိုးမှုကို ဆောင်ရွက်မည်ဖြစ်သည်။

ကြိုးစား

ထိုသို့ သစ်တော ပြန်လည်ထူထောင်မှုကို နှစ်စဉ် တိုးတက်အောင်လည်း ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အင်တာနက်အသုံးပြု

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ရှန်ယန်းပြည်နယ်ရှိ အင်တာနက်စင်တာတစ်ခု၌ အင်တာနက်အသုံးပြုနေကြသူများကို မေ ၂၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ထိုင်းတောင်ပိုင်း၌ ချုံခိုတိုက်ခိုက် အစိုးရတပ်ဖွဲ့ဝင် ငါးဦး ဒဏ်ရာရရှိ

ဗန်ကောက် မေ ၂၉

ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်တွင် မေ ၂၇ရက် နံနက်က ကင်းလှည့်စဉ် သူပုန်များ၏ ချုံခိုတိုက်ခိုက်မှုကြောင့် ထိုင်းတပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရရှိသွားကြောင်း၊ နှစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း မီဒီယာများက ဖော်ပြသည်။

ချုံခိုတိုက်ခိုက်

မေ ၂၇ရက် နံနက် ၈ နာရီမိနစ် ၄၀ခန့်က ထိုင်းအစိုးရ၏ အမှတ် ၅၀၃၂ တပ်ခွဲမှ တပ်ဖွဲ့ဝင်များသည် ယာလာပြည်နယ် ဘန်နန်ဆက်တာခရိုင် ဘူဆူးကျေးရွာတွင် ကင်းလှည့်စဉ် သူပုန်တို့က ချုံခိုတိုက်ခိုက်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ပြောကြားချက်ကို ကိုးကားပြီး နေးရှင်းသတင်းစာက ဖော်ပြသည်။

အခြေအနေတင်းမာ

သူပုန်များနှင့် အပြန်အလှန် ပစ်ခတ်မှုများဖြစ်ပွားပြီး ဒဏ်ရာရ ထိုင်းတပ်ဖွဲ့ဝင်ငါးဦးကို ပြည်နယ်ဆေးရုံသို့ အမြန်ပို့လိုက်ရသည်။

ထိုင်းနိုင်ငံတောင်ပိုင်းရှိ ယာလာပြည်နယ် နာရာသီဝက်ပြည်နယ်နှင့် ပက်တာနီပြည်နယ်တို့တွင် သူပုန်တို့အကြမ်းဖက်လာသည်မှာ သုံးနှစ်ကျော်ကြာခဲ့ပြီဖြစ်သည်။ အထူးသဖြင့် လွန်ခဲ့သည့်လများက အခြေအနေပိုမိုတင်းမာ လာခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျေရုဆလမ်အရှေ့ပိုင်း၌ အစ္စရေးတပ်ပစ်ခတ်မှု ဖတာအုပ်စု လက်နက်ကိုင်အဖွဲ့လက်ချက်ဟု ကြေညာ

ရာမာလာ မေ ၂၉

အရှေ့ဂျေရုဆလမ်အနီးမှ အစ္စရေးတပ်ဖွဲ့ဝင်များအား မေ ၂၆ရက်က တိုက်ခိုက်ခြင်းမှာ သူတို့လက်ချက်ဖြစ်ကြောင်း ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ မာမွတ်အဘတ်စ်၏ ဖတာအုပ်စုမှလက်နက်ကိုင်အဖွဲ့ဖြစ်သည့် အယ်အက်ဆာမားတားတပ်ဖွဲ့က ကြေညာသည်။

အဆိုပါ တိုက်ခိုက်မှုတွင် ပါလက်စတိုင်း သေနတ်သမားနှစ်ဦး သေဆုံးခဲ့ပြီး သေနတ်ထိမှန်သည့် အစ္စရေးတပ်ဖွဲ့ဝင်နှစ်ဦးမှာ ဒဏ်ရာမပြင်းထန်ဟု အစ္စရေး အသံလွှင့်ဌာနက ကြေညာသည်။

ချုံခိုတိုက်ခိုက်

အစ္စရေးနယ်စပ် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ၎င်းတို့အဖွဲ့ဝင် နှစ်ဦးက ချုံခို တိုက်ခိုက်ခြင်းဖြစ်ကြောင်း အယ်အက်ဆာမားတား တပ်ဖွဲ့ ၏ အမည်မဖော်လိုသူ ပြောခွင့်ရပုဂ္ဂိုလ်က အနောက်ဘက်ကမ်းရှိ သတင်းထောက်များအား တယ်လီဖုန်းဖြင့် ပြောကြားသည်။

ဒဏ်ရာပြင်းထန်

အစ္စရေးနယ်စပ် လုံခြုံရေးအရာရှိငါးဦးကို ဒဏ်ရာရအောင် ပစ်ခတ်ပြီးနောက် ၎င်းတို့၏ အဖွဲ့ဝင် နှစ်ဦးမှာလည်း ဒဏ်ရာရရှိပြီး သေဆုံးသွားကြောင်း၊ ဒဏ်ရာရရှိသူ အစ္စရေးလုံခြုံရေးအရာရှိ ငါးဦးအနက်နှစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း အယ်အက်ဆာမားတားတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာပေါ်တွင် အကြီးဆုံးဖရဲသီး

အကြီးဆုံး ဖရဲသီးတစ်လုံးကို ပြသစဉ်။ (ယာပုံ)

ကနေဒါနိုင်ငံ တိုရွန်တိုမြို့အနီး စိုက်ခင်းတစ်ခုမှ ထွက်ရှိသော ဖရဲသီးကြီးတစ်လုံးသည် ယခင်က ထွက်ရှိခဲ့သမျှ ဖရဲသီးများ၌ အကြီးမားဆုံး ဖရဲသီးတစ်လုံးဖြစ်ပြီး ကမ္ဘာပေါ်တွင် အကြီးဆုံး ဖရဲသီး တစ်လုံးလည်း ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

နှစ်သန်း ၃၀၀ကျော်က ငါးမျိုးစိတ်

လွန်ခဲ့သောနှစ်ပေါင်းများစွာက ငါးမျိုးစိတ် တစ်ကောင်ကို တွေ့ရစဉ်။ (ဝဲပုံ)

အမေရိကန်နိုင်ငံ ချာကာနိုဂါမြို့၌ တွေ့ရှိရသော ငါးမျိုးစိတ်တစ်ကောင်မှာ လွန်ခဲ့သောနှစ်ပေါင်း ၃၆၅သန်းခန့်က အသက်ရှင်ကျက်စားခဲ့သည့် ငါးမျိုးစိတ်မျိုးနွယ် ငါးတစ်ကောင်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

အီရတ်၌ ဗုံးခွဲတိုက်ခိုက်မှု အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

ဘဂ္ဂဒက် မေ ၂၉

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရကြောင်း အမေရိကန်စစ်ဘက်က မေ၂၇ရက်၌ ပြောကြားသည်။ ထို့ကြောင့် ယခုမေလသည် အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်၌သေဆုံးမှု အများဆုံးလအဖြစ် ရောက်ရှိတော့မည် ဖြစ်သည်။

ဗုံးခွဲတိုက်ခိုက်

ယခုသေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးမှာ ဘဂ္ဂဒက်မြို့အနောက်ပိုင်းတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့်ဖြစ်ပြီး နောက်ထပ် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးမှာ ဒိုင်ယာလာပြည်နယ်၌ ဖြစ်ပွားသော ဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။

အများဆုံးသေဆုံးရသည့်လ

ယခုမေလတွင် အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင်သေဆုံးမှု ၁၀၃ဦးအထိ ရှိလာခဲ့ရာ ပြီးခဲ့သည့်ဧပြီလကထက် တစ်ဦးပိုများလာသည်။ ယခုနှစ်ဧပြီလသည် အမေရိကန်တပ်ဖွဲ့ဝင်များ အများဆုံးသေဆုံးခဲ့ရသည့် လဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမျိုးသမီးများ ဝင်ငွေတိုးစေမည့် အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၂၉

ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးများလူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သော အမျိုးသမီးများဝင်ငွေတိုးစေမည့် အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီက ပန်းဘဲတန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မြတ်ဆရာခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ၊ ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် မြို့နယ်ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ သင်တန်းသူများ တက်ရောက်ကြသည်။

ကျေးဇူးတင်စကား

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသမီးရေးရာ အသင်းဝင် အဆိုပြုလွှာ အစောင်၅၀၀အား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းယုမြင့်ထံမှ လက်ခံရယူသည်။ ထို့နောက် သင်တန်းဆင်းလက်မှတ်များပေးအပ်ရာ သင်တန်းသူ ၂၀ က လက်ခံရယူကြပြီး သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးမှ ကျေးဇူးတင်စကားပြောကြားသည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် ဒေါ်မာမာဝေနှင့်အဖွဲ့သည် အပ်ချုပ်စက်သင်တန်းခန်းမ၌ သင်တန်းသူများ အဝတ်အထည် ချုပ်လုပ်နေမှုနှင့် ဧပြီ၂၅ရက်မှ မေ၂၅ရက်အထိသင်တန်းကာလအတွင်း သင်ချုပ်ချုပ်လုပ်ခဲ့သည့် အဝတ်အထည်များအား လှည့်လည်ကြည့်ရှုကြောင်း သိရှိရသည်။

(က-ပ)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသော အခြေခံစက်ချုပ်သင်တန်းဆင်းပွဲတွင် အဝတ်အထည်ချုပ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစဉ်။ (က-ပ)

■ ကျောဖုံးမှ

တပ်သားအိုက်မွန်းသည် (အမ်-၂၂) မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ငါးတောင့်တို့ဖြင့်လည်းကောင်း၊ တပ်သားအိုက်လုံသည် (အမ်-၂၂) မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ၁၀ တောင့်၊ မိုင်းတစ်လုံးတို့ဖြင့် လည်းကောင်း၊ ရင်း(၆၇၉)မှ တပ်ကြပ် စိုင်းလင်းသည် ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ်နှစ်ခု၊ ၎င်းကျည် ၁၁၅ တောင့်၊ လက်ပစ်ဗုံးတစ်လုံးတို့ဖြင့်လည်းကောင်း၊ တပ်သားစိုင်းရွက်လျှိုးသည်လည်းကောင်း။

အရှေ့ပိုင်းတိုင်း

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ပီပီတောတွင်းလက်နက်ကိုင်အဖွဲ့မှ စည်းရုံးရေးတာဝန်ခံ ဂျိုးဇက်သည် (အမ်-၁၆) မောင်းပြန်ရိုင်ဖယ်တစ်လက်၊ (အေအာရ်-၁၅) တစ်လက်၊ ၎င်းကျည်အိမ်နှစ်ခု၊ ၎င်းကျည် ၁၆ တောင့်တို့ဖြင့်လည်းကောင်း၊ ပြည်ထဲရေး ဒုတိယဝန်ကြီးအဆင့်ရှိ ဦးသာဦးသည်လည်းကောင်း၊ အက်စ်အက်စ်အေ (ရွှက်ဆစ်)အဖွဲ့မှ တပ်သားဝမ်ဆော၊ အိုက်ရီ၊ အိုက်လင်း၊ စိုင်းအောင်နှင့် စိုင်းအေးတို့သည်လည်းကောင်း၊ ဆက်ကြေးတာဝန်ခံ စလေပညာသည်လည်းကောင်း၊ ရင်း(၉)မှ တပ်သားအိုက်ပီး၊ ဗဟိုဌာနချုပ်မှ တပ်သားစိုင်းထွန်းနှင့် လုံးအောင်းတို့သည် လည်းကောင်း။

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် အေအယ်လ်ပီ တောတွင်းလက်နက်ကိုင်အဖွဲ့မှ ဒုတိယတပ်ကြပ်အဆင့်ရှိ ထွန်းရွှေမောင်နှင့် တပ်သားထွန်းအေးမြင့်တို့သည်လည်းကောင်း။

တောင်ပိုင်းတိုင်း

တောင်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူတောတွင်းလက်နက် ကိုင်အဖွဲ့ တပ်မဟာ(၂)ရင်း(၅)မှ တပ်သား ဟင်နရီနှင့် စောဇော်ဝါးတို့သည် ကျည်အိမ် တစ်ခု၊ ကျည် ၂၀တောင့်ဖြင့်လည်းကောင်း၊ တပ်သား စောအောင်မင်း၊ စောသာစိုး၊ အယ်သပလေးနှင့် နေလကြယ်(ခေါ်) စိန်လွန်းကျော်တို့သည်လည်းကောင်း၊ တပ်မဟာ(၃)ဗဟိုဌာနချုပ်မှ တပ်သားစောထိုဘီသည် လက်ပစ်ဗုံးနှစ်လုံးဖြင့်လည်းကောင်း၊ ရင်း(၈)မှ တပ်သား ကြည်သိန်းသည် မှီခိုသူတစ်ဦးဖြင့်လည်းကောင်း။

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်း လက်နက်ကိုင်အဖွဲ့ တပ်မဟာ(၄) ရင်း(၁၀)မှ တပ်သား စောဌေးသည် လက်ပစ်ဗုံးတစ်လုံးဖြင့်လည်းကောင်း၊ ရင်း(၁၁)မှ တပ်သား ချစ်ဝင်းသည် လက်ပစ်ဗုံးတစ်လုံးဖြင့်လည်းကောင်း။

အရှေ့တောင်တိုင်း

အရှေ့တောင်တိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူတောတွင်း လက်နက်ကိုင်အဖွဲ့ တပ်မဟာ (၁) ရင်း (၂)မှ ဒုတိယအရာခံဗိုလ်အဆင့်ရှိ ဖားကြီးနှင့် မှီခိုသူတစ်ဦးတို့သည် ကာဘိုင်တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည်ငါးတောင့်နှင့် လမ်းလျှောက်စကားပြောစက် တစ်လုံးတို့ဖြင့်လည်းကောင်း၊ တပ်မဟာ (၅) ရင်း (၂)မှ တပ်သားချိဘူး(ခေါ်) သန်းဦးသည် မှီခိုသူသုံးဦးနှင့် လမ်းလျှောက်စကားပြောစက် တစ်လုံးတို့ဖြင့် လည်းကောင်းအသီးသီး လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသည်။

လဲလှယ်

အဆိုပါကာလများအတွင်း လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လာခဲ့ကြသူ စုစုပေါင်း ၂၉ ဦးနှင့် မိသားစုဝင်ငါးဦးတို့အား သက်ဆိုင်ရာ တပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုခဲ့ကြပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ရန်ရှိနေသေးကြောင်းသတင်း ရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ပါလက်စတိုင်း အမတ်တစ်ဦး အစ္စရေးတပ်များ ဖမ်းဆီးခေါ်ဆောင်သွား

နက်ဘလပ် မေ ၂၉

ပါလက်စတိုင်း လွှတ်တော်အမတ်တစ်ဦးအား မေ၂၉ရက်က အစ္စရေးတပ်များက ဝင်ရောက်စီးနင်း ဖမ်းဆီးခေါ်ဆောင်သွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဖမ်းခံရ

ဂျာမယ်တီရာဝီအမည်ရှိ အဆိုပါ အမတ်သည် အနောက်ဘက်ကမ်း နက်ဘလပ်မြို့၌ အဖမ်းခံရခြင်းဖြစ်သည်။

သေဆုံး

ဂါဇာ၌ အစ္စရေးတပ်များက ဝင်ရောက်စီးနင်း တိုက်ခိုက်ရာတွင် ဟားမတ်စ်လက်နက်ကိုင်နှစ်ဦး သေဆုံးသွားကြောင်း သိရသည်။

အမေရိကန်ရဟတ်ယာဉ် ပစ်ချခံရ အီရတ်၌ တပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံး

ဘဂ္ဂဒက် မေ ၂၉

အီရတ်နိုင်ငံ ဒီယာလာပြည်နယ်၌ မေ ၂၈ရက်က အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသော ရဟတ်ယာဉ်တစ်စင်းအားလက်နက်ငယ်များဖြင့် ပစ်ချခံရသဖြင့် တပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ယင်းရဟတ်ယာဉ် ပစ်ချခံရမှုကြောင့် လေယာဉ်မှူးနှစ်ဦး၊ တပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံးပြီး အခြားသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံသား ငါးဦး ဘဂ္ဂဒက်၌ ပြန်ပေးဆွဲခံကြရ

ဘဂ္ဂဒက် မေ ၂၉

ဘဂ္ဂဒက်မြို့ ဘဏ္ဍာရေးဝန်ကြီးဌာနရုံးမှ ဗြိတိန်နိုင်ငံသား ငါးဦးသည် မေ ၂၉ ရက်က ပြန်ပေးဆွဲခံရကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဖမ်းဆီးခေါ်ဆောင်

ပြန်ပေးဆွဲခံရသူများတွင် ဘဏ္ဍာရေးကျွမ်းကျင်သူတစ်ဦးနှင့် ကိုယ်ရံတော် လေးဦးဖြစ်ကြောင်း၊ ပြန်ပေးဆွဲသူများသည် ရဲဝတ်စုံများဝတ်ဆင်လျက် ရဲကား ၄၀ ဖြင့် အဆိုပါဝန်ကြီးရုံးသို့ ရောက်လာပြီး ဗြိတိန်နိုင်ငံသားများအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း မျက်မြင်တွေ့ရှိကြသူများက ပြောကြားသည်။

ပါတီနှင့် ပါတီခေါင်းဆောင်တို့၏ နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးအောင်လုပ်ဆောင်နေ ပြည်ပအားကိုးဖြင့် ပြည်တွင်းဆူပူမငြိမ်မသက်မှုများဖြစ်ပေါ်အောင် ကြံစည်လုပ်ကိုင် နေပြည်မြို့နယ်မှ NLD ပါတီဝင်ရှစ်ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၂၉

ဧရာဝတီတိုင်း ဇေယျဝတီ... ဓနုဖြူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ကမ်းငူကြီးကျေးရွာမှ ဦးစိုးမြင့်၊ သဲဖြူကျေးရွာမှ ဦးငြိမ်းမောင်၊ အကျော်ကျေးရွာမှ ဦးလှမြိုင်၊ ပျည်းချောင်းကျေးရွာမှ ဦးသိန်းလှိုင်၊ ရုံးချောင်းကျေးရွာမှ ဦးကြီးငွေ၊ ပြင်ကသာကျေးရွာမှ ဦးချိန်၊ ဓနုဖြူမြို့ (၁)ရပ်ကွက်မှ ဦးယဉ်ထွေးနှင့် လင်းလွန်းပင်ကျေးရွာမှ ဦးမြအောင်တို့ရှစ်ဦးသည် ဇန်နဝါရီ၂၆ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့်သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ကြံစည်လုပ်ကိုင်

ဓနုဖြူမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့အနေဖြင့် NLD ပါတီနှင့် ပါတီခေါင်းဆောင်တို့၏ နိုင်ငံနှင့်လူမျိုးအကျိုးထိခိုက်ပျက်စီးအောင်လုပ်ဆောင်နေမှုနှင့် ပြည်ပအားကိုးဖြင့် ပြည်တွင်းဆူပူမငြိမ်မသက်မှုများဖြစ်ပေါ်အောင် ကြံစည်လုပ်ကိုင်နေမှုတို့ကြောင့် ယုံကြည်အားကိုးခြင်း၊ စိတ်ဝင်စားခြင်း မရှိတော့သဖြင့် ၎င်းတို့၏ သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

၂၀၀၇ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

၂၀၀၇ ခုနှစ်၊ မေလ (၃၁) ရက်

World No-Tobacco Day 2007

31 May 2007

Smoke Free Environments

ဆေးလိပ်ငွေ့ကင်းစင်ရေး၊ ဝိုင်းဝန်းကူညီဆောင်ရွက်ပေး။

ကျန်းမာရေးဝန်ကြီးဌာန

နိုင်ငံတကာပြိုင်ပွဲယှဉ်ပြိုင်မည့် အားကစားသမားများ တရားသောယှဉ်ပြိုင်မှုဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးကြိုးပမ်း ဖွဲ့၊ စိတ်ဓာတ်၊ စည်းကမ်းအပြည့်အဝဖြင့် ယှဉ်ပြိုင်

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့နံနက် ၉ နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမတွင် နိုင်ငံတကာပြိုင်ပွဲများသို့ ဝင်ရောက် ယှဉ်ပြိုင်ကြမည့် မြန်မာ ယူ-၁၃ ဘောလုံးအသင်း၊ မြန်မာရွက်လှေအဖွဲ့နှင့် မြန်မာ့လက်ရွေးစင် ဘော်လီဘောကလပ်အသင်းတို့အား တွေ့ဆုံ၍မှာကြားသည်။

စင်ကာပူအမျိုးသား တံခွန်စိုက်ရွက်လှေပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့ရွက်လှေအဖွဲ့အား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်နှင့်အတူ တွေ့ရစဉ်။
ဓာတ်ပုံ-ကိုကိုစိုးညွန့်

နှုတ်ဆက်အားပေး

အခမ်းအနားတွင် ရှေးဦးစွာ ပြိုင်ပွဲအား ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားအဖွဲ့များအား ဝန်ကြီးနှင့် တစ်ဦးချင်း မိတ်ဆက်ပေးသည်။ ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ရွက်လှေအဖွဲ့ချုပ်နှင့် ဘော်လီဘောအဖွဲ့ချုပ်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ပြိုင်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်ထားမှုများအား ရှင်းလင်းတင်ပြကြသည်။ ၎င်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပြိုင်ပွဲတွင် တရားသောယှဉ်ပြိုင်ခြင်းဖြင့် အနိုင်ယူပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ကြိုးပမ်းရန်နှင့် ဖွဲ့၊ စိတ်ဓာတ်၊ စည်းကမ်းအပြည့်အဝဖြင့် ယှဉ်ပြိုင်သွားရန် စသည်ဖြင့် မှာကြားသည်။ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့က ရွက်လှေ၊ဘောလုံးနှင့် ဘော်လီဘောအဖွဲ့တို့အား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယူ-၁၃

ဇွန် ၅ ရက်မှ ၁၀ ရက်အထိ မလေးရှားနိုင်ငံတွင် ကျင်းပမည့် အာရှ ယူ-၁၃ ဘောလုံးပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလူငယ် ဘောလုံးအသင်းတွင်အဖွဲ့ခေါင်းဆောင် ဦးကျော်ဆန်း (ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ)၊ အုပ်ချုပ်သူ ဦးညီညီလတ် (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ)၊ နည်းပြချုပ် ဦးချစ်နိုင်၊ လက်ထောက်နည်းပြ ဦးကျော်ကျော်၊ ဆရာဝန် ဒေါက်တာတင့်လွင်၊ ကစားသမား တင်ဋ္ဌေးအောင်၊ မောင်မောင်ဝင်း၊

သတင်းမှတ်စုနှင့်ဓာတ်ပုံ
ကိုကိုစိုးညွန့်

စိုင်းဝမ်းလျှို၊ စွမ်းထက်အောင်၊ ဘိုဘိုနိုင်၊ နိုင်မျိုးအောင်၊ ဇေယျာဖြိုးကျော်၊ ရဲရင့်ထွန်း၊ ငြိမ်းချမ်းထွန်း၊ ဟိန်းသီဟဇော်၊ ရဲကိုကိုနိုင်၊ ကောင်းဆက်ဦး၊ အောင်ပိုင်စိုး၊ အောင်သူရ၊ ထက်ဝေဖြိုး၊ စောဝင်းထူး၊ ထွန်းမင်းစိုး၊ မျိုးဝေလင်း၊ အောင်ကိုကိုပိုင်၊ ရာဇာမျိုး၊ သိန်းထွန်းဝင်းနှင့် ရဲမြင့်နောင်တို့ပါဝင်ကြသည်။

ရွက်လှေ

ဇွန် ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့် စင်ကာပူ အမျိုးသားတံခွန်စိုက်ရွက်လှေပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာရွက်လှေအဖွဲ့တွင် အုပ်ချုပ်သူ/နည်းပြ ဦးသန်းစိန်၊ ကစားသမား အောင်မြင်သူ၊ စိုင်းပြည့်စုံဟိန်း၊ နေလကျော်၊ မင်းမင်း၊ စုစန္ဒာဝေနှင့် ခင်ညိုလင်းတို့ ပါဝင်ကြသည်။

ဘော်လီဘော

ဘာရိန်းနိုင်ငံတွင် ဇွန် ၁ရက်မှ ၈ ရက်အထိ ကျင်းပမည့် အာရှကလပ်များ ဘော်လီဘောပြိုင်ပွဲ၌ ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်းတွင် အုပ်ချုပ်သူ/နည်းပြ ဦးမျိုးမြင့်၊ လက်ထောက်နည်းပြ ဦးညီညီလွင်၊ ကစားသမား ရဲမင်းအောင်၊ ကျော်ရွှေ၊ ကျော်ဇင်ဝင်းထွဋ်၊ ကျော်စိုးအောင်၊ စိုင်းညီလေး၊ စံရွှေမောင်၊ အောင်မြတ်ထွန်း၊ ဇော်လင်းဦး၊ ရဲရင့်ထွန်းနှင့် နေလင်းအောင်တို့ ပါဝင်ကြသည်။

မြန်မာ့ရွက်လှေအဖွဲ့နှင့် ဘော်လီဘောအသင်းတို့မှာ (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြိုတင်ပြင်ဆင်သည့် အနေဖြင့် ဝင်ရောက် ယှဉ်ပြိုင်ခြင်းဖြစ်ပြီး မြန်မာလူငယ် ဘောလုံးအသင်းမှာမူ လူငယ်အားကစား သမားများပြိုင်ပွဲ အတွေ့အကြုံရရှိစေရန် ရည်ရွယ်၍ စေလွှတ်ခြင်းဖြစ်ပြီး လူငယ်လက်ရွေးစင်အသင်းများနှင့် လက်ရွေးစင်အသင်းများကို နောင်တစ်ချိန်တွင် အထောက်အကူပြုရန် ရည်ရွယ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

❒ ကျောဖုံးမှ

ဝန်ကြီးက ကျောက်တိုင်များ စံချိန်စံညွှန်းနှင့် ဈေးကွက်အဆင့်မီ ထုတ်လုပ်ပေးရေး မှာကြားပြီး စက်ရုံလုပ်ငန်းခွင်အတွင်း ကျောက်တိုင်များ ထုတ်လုပ်နေမှုနှင့် ထုတ်လုပ်ပြီး ကျောက်တိုင်များကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ရွှေပြည်သာ စက်မှုဇုန်ရှိ Asian Gloden Myanmar Cable Wire စက်ရုံသို့ ရောက်ရှိပြီး ဂျင်နရေတာစက်များနှင့် ဆောက်လုပ်ဆဲစက်ရုံနေရာများကို ကြည့်ရှုစစ်ဆေးရာ စက်ရုံပိုင်ရှင် ဦးရှောင်စန်းနှင့် စက်ရုံမှူး ဦးကျွမ်းဝေတို့က ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

အင်ပြည့်အားပြည့်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သာခုကန် စက်မှုဇုန်အပိုင်း(၁/၂)ရှိ စိန်မြို့တော်ကျောက်တိုင်လုပ်ငန်း စက်ရုံသို့ ရောက်ရှိလာကြရာ ရှင်းလင်းခန်းမဆောင်၌ ကျောက်တိုင်လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် လျှပ်စစ်မီးသွယ်တန်းရေးလုပ်ငန်းများတွင် ဓာတ်တိုင်များစွာ ထုတ်လုပ်အသုံးပြုရန် လိုအပ်လျက်ရှိကြောင်း ၊ ထို့ကြောင့် ကျောက်တိုင်လုပ်ငန်း စက်ရုံများမှ အရေအသွေး ပိုမိုကောင်းမွန်သော ကျောက်တိုင်များ အင်ပြည့်အားပြည့် ထုတ်လုပ်ပေးကြရန် လိုအပ်ကြောင်း မှာကြားသည်။

ဖြည့်ဆည်းပေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ စိန်မြို့တော် ကျောက်တိုင်ထုတ်လုပ်မှုလုပ်ငန်းခွင်နှင့် ထုတ်လုပ်ပြီး ကျောက်တိုင်များကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူး ဦးဌေးဝင်းက ရှင်းလင်းပြသပြီး ဝန်ကြီးက လိုအပ်သည်များဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



အာရှကလပ်အမျိုးသား ဘော်လီဘောပြိုင်ပွဲ တွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာအမျိုးသား လက်ရွေးစင်ဘော်လီဘောအသင်း။
(ဘော်လီဘောအဖွဲ့)

● ကျောဖုံးမှ

ရတနာပုံမြို့သစ်တည်ဆောက်ရေး စီမံကိန်း ကြီးကြပ်မှုကော်မတီ အစည်းအဝေးကို ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်တက်ရောက်ပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၅ ရက် နံနက်ပိုင်းတွင် ဝိုင်းမော်-မြစ်ကြီးနား ကားလမ်းပေါ်ရှိ နမ့်မြစ်ခတံတားကို ကြည့်ရှုစစ်ဆေးပြီး လမ်းအတိုင်းထွက်ခွာပြီး ဆဒုံးမြို့သို့ ရောက်ရှိကြသည်။ ဆဒုံးမြို့ ခန်းမ၌ တိုင်းမှူးနှင့် ဝန်ကြီးများသည် မြို့နယ်ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး တင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်းပေးသည်။

အခမ်းအနားတွင် ဆဒုံးမြို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၅၀၀ အား ပေးအပ်ရာ ကချင်ပြည်နယ်အတွင်းရေးမှူး ဦးရားဝမ်ဂျုံးက လက်ခံသည်။ ထို့နောက် တိုင်းမှူးက ဆဒုံးမြို့နယ် ဆေးရုံအတွက် ဆေးများပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်က လက်ခံသည်။ ထို့နောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အသင်းဝတ်စုံများနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုအသင်းအတွက် ဝတ်စုံများ ပေးအပ်လှူဒါန်းကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးများသည် ဆဒုံး-ကန်ပိုက်တီးလမ်းကြောင်း တစ်လျှောက် စိုက်ပျိုးထားသော လက်ဖက်စိုက်ခင်းများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး ကန်ပိုက်တီးမြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိရာ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ တွေ့ဆုံ၍ လိုအပ်သည်များဖြည့်ဆည်းပေးသည်။

အခမ်းအနားတွင် ကန်ပိုက်တီးမြို့ ပြည်သူများ၏ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာများ ပေးအပ်ရာ ပြည်နယ်အတွင်းရေးမှူးက လက်ခံသည်။

ထို့နောက်တိုင်းမှူးက ဒေသခံ ပြည်သူများအတွက် အဝတ်အထည်များ၊ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အသင်းဝတ်စုံများနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ဒေသဖွံ့မြိုးရေးလုပ်ငန်းဆောင်ရွက်ရန်ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်ကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးများသည် ကန်ပိုက်တီးမြို့ရှိ တရုတ်-မြန်မာ နယ်ခြားကျောက်တိုင်သို့ ရောက်ရှိစစ်ဆေးပြီး မြစ်ကြီးနားသို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်းဘူးမြို့ လယ်တီဝိပဿနာ တရားစခန်း

ရန်ကုန် မေ ၂၉

မင်းဘူးမြို့ ဓာတ်တော်ကုန်းဘုရားကုန်းမြေ လယ်တီဓမ္မဗိမာန် ဓမ္မာရုံ၌ (၄)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဇွန် ၁၄ရက် (နယုန်လကွယ်နေ့)တွင် စတင်မည်ဖြစ်ရာ ရန်ကုန်မြို့ လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် နာယက ဆရာတော်များကြီးမှူးသောလယ်တီကမ္မဋ္ဌာနာစရိယများက သင်ကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများနှင့် ဆွမ်းဆက်ကပ်လှူဒါန်းလိုသူများသည် ဘုရားဂေါပက ဦးဇေယျ ဖုန်း-၀၆၅-၂၀၂၉၀၊ ဦးထွန်းကြည် ဖုန်း- ၀၆၅-၂၁၂၅၆ သို့ဆက်သွယ်ဆောင်ရွက်နိုင်ကြပြီးနှစ်စဉ်နယုန်လကွယ်နေ့၊သီတင်းကျွတ်လကွယ်နေ့၊ တပို့တွဲလကွယ်နေ့များတွင် တစ်နှစ်လျှင်သုံးကြိမ် ပုံမှန်တရားစခန်းများဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

မြန်မာအမျိုးသားလက်ရွေးစင် ဘော်လီဘောအသင်း ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်ရန် ဘာရိန်းသို့ ထွက်ခွာ

ရန်ကုန် မေ ၂၉

၂၀၀၇ခုနှစ် ဇွန် ၁ရက်မှ ၈ရက်အထိ ဘာရိန်းနိုင်ငံ မနားမားမြို့၌ ကျင်းပမည့် အာရှကလပ်အမျိုးသား ဘော်လီဘောပြိုင်ပွဲ တွင် ပါဝင်ယှဉ်ပြိုင်ရန် ဦးမျိုးမြင့်က အုပ်ချုပ်နည်းပြအဖြစ်ဆောင်ရွက်သော မြန်မာအမျိုးသား လက်ရွေးစင်ဘော်လီဘောအသင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ဘာရိန်းနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာအမျိုးသား လက်ရွေးစင်ဘော်လီဘောအသင်းအား မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ရန်ကုန် မေ ၂၉

မေ ၂ရက်က ပဲခူးတိုင်း ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်မြို့မဈေးအတွင်း အဖွဲ့ဝန်ထမ်းများနှင့် မီးသတ်ဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ ဈေးသူဈေးသားများ ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်နေမှုများအား အမှုဆောင်အရာရှိ ဦးထင်အောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့က အနီးကပ်ကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(မြို့နယ်စည်ပင်)

ကမ္ဘာတစ်လွှား အားကစား

ဥရောပဘောလုံးရွှေဖိနပ်ဆုရှင် တော့တီလား၊ နစ္စတယ်ရိုင်းလား

ကိုးကားရေးသားသူ-မောင်မောင်မြင့်ဆွေ

ရောမ မေ ၂၉

၂၀၀၆-၂၀၀၇ခုနှစ် ဘောလုံးရာသီအတွက် ဥရောပဘောလုံးရွှေဖိနပ်ဆုကိုရရှိရန် အပြိုင်ဖြစ်လာသူနှစ်ဦးမှာ အီတလီကလပ် ရိုးမားမှ တော့တီနှင့် ရီးရဲမက်ဒရစ်တိုက်စစ်မှူး နစ္စတယ်ရိုင်းတို့ ဖြစ်လာသည်။

သွင်းယူ

ယခင်က ဟော်လန်ကလပ် ဟီရန်ဗင်းမှ တိုက်စစ်မှူးအဲလ်ဗတ်စ်က ၅၁မှတ်ဖြင့် ဦးဆောင်နေခဲ့သော်လည်း ယခုအခါ ရိုးမားတိုက်စစ်မှူး တော့တီက ရာသီကုန်နောက်ဆုံး လက်ကျန်ပွဲအဖြစ် မေ ၂၇ရက်က မက်ဆီနာနှင့် ကစားခဲ့သောပွဲတွင် ရိုးမားတို့က လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲ၌ တော့တီက နှစ်ဂိုးသွင်းယူခဲ့သည်။

ဦးဆောင်

ထို့ကြောင့် ယခုနှစ် ဘောလုံးရာသီတွင် တော့တီသည် အီတလီစီးရီးအေ၌ ၃၈ပွဲ ကစားပြီးချိန်တွင် ၂၆ဂိုးသွင်းယူနိုင်ခဲ့ပြီး ရမှတ် ၅၂မှတ်ဖြင့် ဦးဆောင်နိုင်ခဲ့ပြီ ဖြစ်သည်။

အသက် (၃၀) အရွယ်ရှိပြီဖြစ်သော ရိုးမားတိုက်စစ်မှူး တော့တီသည် ရိုးမားအသင်းကို ၃၈ပွဲကစား၊ ၂၂ပွဲနိုင်၊ သရေကိုးပွဲနှင့် ရှုံးပွဲ ခုနစ်ပွဲ ရလဒ်များရရှိအောင် စွမ်းဆောင်ထားသည်။ ရိုးမားအသင်းကို အီတလီစီးရီးအေ၌ ချန်ပီယံဖလားကို ရအောင်မယူဆောင်ပေးနိုင်ခဲ့သော်လည်း ဒုတိယနေရာရရှိအောင် ကြိုးစားပေးနိုင်ခဲ့သည်။

ကွာခြား

အီတလီစီးရီးအေ၌ ပထမနေရာမှ ဖလားရရှိသွားသော အင်တာမီလန်တို့ထက် ခြောက်မှတ်ကွာခြားခဲ့သည်။ ရိုးမားအသင်းအား နှစ်နှစ်ဆက်တိုက် တော့တီ စွမ်းဆောင်မှုဖြင့် ဒုတိယ ဆက်တိုက် ချိတ်နိုင်ခဲ့သည်။

စောင့်ကြည့်

ယခုအချိန်တွင် တော့တီ၏ ဂိုးသွင်းမှု အနေအထားမှာ ယခုနှစ်ရာသီ၌ ပွဲစဉ်ကုန်သွားပြီဖြစ်သည့်အတွက် ဥရောပရွှေဖိနပ်ဆုကို ရရှိရန် ရီးရဲမက်ဒရစ်တိုက်စစ်မှူး နစ္စတယ်ရိုင်းကိုသာ စောင့်ကြည့်ရတော့မည်ဖြစ်သည်။

အကယ်၍သာ မေ ၂၇ ရက်က နောက်ဆုံးကစားခဲ့သော မက်ဆီနာနှင့်ပွဲတွင် ဒုတိယပိုင်းပွဲချိန် ၆၃ မိနစ်၌ ရရှိခဲ့သော ပယ်နယ်တီ ပြစ်ဒဏ်ဘောကို တော့တီသာ ဂိုးဝင်အောင် ကန်သွင်းနိုင်ခဲ့ပါက ဥရောပဘောလုံး ရွှေဖိနပ်ဆုသည် တော့တီအတွက် သေချာသလောက်ရှိနေပြီ ဖြစ်သည်။

ပြိုင်ဘက်

ယခုအခါ ပြိုင်ဘက်ဖြစ်သည့် ရီးရဲမက်ဒရစ်အသင်းမှ နစ္စတယ်ရိုင်းသာ ရှိတော့သည့် အနေအထားရောက်ရှိနေသည်။ ရီးရဲမက်ဒရစ် တိုက်စစ်မှူး နစ္စတယ်ရိုင်းသည် မေ ၂၆ ရက်က ကစားခဲ့သော လာလီဂါပွဲစဉ် ၃၆ ၌ ဒီပို့တီဗိုကို အိမ်ကွင်း၌ ရီးရဲမက်ဒရစ်တို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ နောက်ဆုံးဂိုးကို ပွဲချိန် ၇၅ မိနစ်တွင် နစ္စတယ်ရိုင်းက သွင်းယူပေးနိုင်ခဲ့သည်။

ကျန်ရှိ

ထို့ကြောင့် လက်ရှိ ၃၆ ပွဲကစားပြီးချိန်တွင် နစ္စတယ်ရိုင်းမှာ ၂၃ ဂိုးသွင်းထားနိုင်သူ ဖြစ်သည်။ နစ္စတယ်ရိုင်းအနေဖြင့် လာလီဂါတွင် လက်ကျန်နှစ်ပွဲ ကစားရန် ကျန်ရှိနေသေးသည်။ ထိုလက်ကျန် နှစ်ပွဲမှာ ဇွန် ၁၀ ရက်၌ ရီးရဲဇာရာဂိုဇာနှင့် အဝေးကွင်း ကစားရမည့်ပွဲဖြစ်ပြီး ဒုတိယပွဲမှာ ဇွန်လ ၁၇ ရက်၌ အိမ်ကွင်းတွင် မာလော့ကာနှင့် ကစားရမည့် ပွဲများဖြစ်သည်။

အခွင့်ကောင်း

နစ္စတယ်ရိုင်း၏ လက်ရှိဂိုးသွင်းစွမ်းရည်နှင့် နှစ်ပွဲလက်ကျန်ရှိနေမှုများက ဥရောပဘောလုံးရွှေဖိနပ်ဆု ရရှိရန် အခွင့်ရေးကောင်းများ ဖြစ်နေသည်။ တစ်ဖန်လာလီဂါတွင်လည်း ယခုနှစ် လာလီဂါဖလားရရှိရေးအတွက် အကြိတ်အနယ် နွှဲရမည့်ပွဲများလည်း ဖြစ်နေသည်။

ယခုနှစ် လာလီဂါဖလားရရှိရေးမှာလည်း ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့ အပြိုင်ဖြစ်နေရာ နောက်ဆုံးလက်ကျန်ပွဲအထိရောက်ရှိရေခန်း ကစားရမည့် အနေအထားရောက်နေလျက်ရှိသည်။

လောလောဆယ်တွင် တော့တီက ၂၆ ဂိုးဖြင့် အီတလီစီးရီးအေပွဲစဉ်များ ပြီးဆုံးသွားခဲ့ပြီဖြစ်ရာ လက်ရှိချိန်၌ ၂၃ဂိုးသွင်းထားပြီး လက်ကျန်နှစ်ပွဲ ကစားရန်ကျန်ရှိသော နစ္စတယ်ရိုင်းက မျှော်လင့်ချက် ထားနိုင်လျက်ရှိနေသည်။

အကောင်အထည်ဖော်နိုင်

နစ္စတယ်ရိုင်းသည် လက်ကျန်နှစ်ပွဲတွင် ဂိုးပြတ်အနိုင်ရအောင်ကစားမှ ရီးရဲမက်ဒရစ်အတွက်လည်း အခြေအနေကောင်းမည်ဖြစ်သလို မိမိအတွက် ဥရောပရွှေဖိနပ်ဆု အတွက်လည်း အိပ်မက်များ အကောင်အထည် ဖော်နိုင်မည် ဖြစ်သည်။

လေးဂိုးသွင်း

တော့တီ၏သွင်းဂိုးများကို နစ္စတယ်ရိုင်း လိုက်မမီဟု ပြော၍မရနိုင်။ ယခုနှစ် လာလီဂါ၌ နစ္စတယ်ရိုင်းသည် တစ်ပွဲတည်း လေးဂိုးသွင်းယူထားနိုင်သလို တစ်ပွဲတည်း သုံးဂိုးသွင်းယူထားနိုင်သည့်ပွဲများလည်း ရှိခဲ့သည်။

ထို့ကြောင့် ဥရောပဘောလုံးရွှေဖိနပ်ဆုသည် တော့တီနှင့် နစ္စတယ်ရိုင်းတို့နှစ်ဦး မည်သည့်တိုက်စစ်မှူး ဆွတ်ခူးသွားမည် ဆိုသည်မှာ စိတ်ဝင်စားဖွယ်ရာ ကောင်းနေပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

ဥရောပဘောလုံး ရွှေဖိနပ်ဆုအတွက် ရေပန်းစားနေသော ရိုးမားတိုက်စစ်မှူး တော့တီ။
(ဓာတ်ပုံ-အင်တာနက်)

ပရီမီယာလိဂ် တန်းတက်နေရာလုပွဲ ဒါဘီက ဝက်စ်ဘရွန်းကိုနိုင်ပြီး တန်းတက်

လန်ဒန် မေ ၂၉

ဒါဘီအသင်းနှင့် ဝက်စ်ဘရွန်းတို့သည် မေ ၂၈ရက်က ပရီမီယာလိဂ် တန်းတက်နေရာလုပွဲအဖြစ် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြရာ စတီဗင်ပီယာဆင်က ဒါဘီအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူပြီး လာမည့်နှစ် ပရီမီယာလိဂ်ပြိုင်ပွဲသို့ အရောက်ပို့ပေးလိုက်ပြီ ဖြစ်သည်။

ထိုနေ့က ဝက်စ်ဘရွန်းတို့ နိုင်ပွဲမရခဲ့သော်လည်း တစ်ချိန်လုံး ဒါဘီအသင်းကို စိုးမိုးထားနိုင်ခဲ့သည်။ သို့သော်လည်း ဒါဘီဂိုးသမား စတီဗင်ဘိုင်ဝါးတား၏ လက်စွမ်းပြ ကာကွယ်ပေးနိုင်မှုကြောင့်လည်း ဝက်စ်ဘရွန်းတို့ ဂိုးမရဘဲ ဖြစ်ခဲ့ရသည်။

ဂိုးမသွင်းနိုင်

ဝက်စ်ဘရွန်းအသင်းမှ ကာမာရာ၊ ကူးမတ်စ်၊ ရိဘင်ဆင်၊ ဖီးလစ် အစရှိသော ကစားသမားများ ဂိုးသွင်းခွင့်များရသော်လည်း ဂိုးသွင်းယူနိုင်ခဲ့ခြင်း မရှိခဲ့ချေ။

ဒါဘီအသင်းသည် ၂၀၀၂ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ပရီမီယာလိဂ်သို့ ပြန်လည်ခုန်တက်လာခြင်း ဖြစ်သည်။

တန်းတက်ကြမည်

ယင်းပွဲ ဒါဘီတို့အနိုင်ရလိုက်၍ ဆန်းဒါးလန်း၊ ဘာမင်ဂမ်တို့နှင့်အတူ လာမည့် ပရီမီယာလိဂ်ရာသီတွင် တန်းတက်ကြမည်ဖြစ်သည်။

ပရီမီယာလိဂ်ဘောလုံး ပရိသတ်များအနေဖြင့် လာမည့်ရာသီတွင် တန်းတက်အသင်းများဖြစ်သည့် အဆိုပါသုံးသင်း၏ခြေစွမ်းကို ရှုစားရတော့မည်ဖြစ်သည်။

(အင်တာနက်)

ဒါဘီအသင်းခေါင်းဆောင် မတ်အောကလီ ဝက်စ်ဘရွန်း နောက်တန်းလူများကြားမှ ဤသို့ ထိုးဖောက်ဂိုးသွင်းရန် ကြိုးစားခဲ့သည်။
(ဓာတ်ပုံ-အင်တာနက်)

ရေးသားသူ-မြင့်မောင်စိုး

ရော်ဘီကိန်း

တော့တင်ဟမ်အသင်းတွင် အဓိကအားထားရသော တိုက်စစ်မှူး ရော်ဘီကိန်း။
(ဓာတ်ပုံ-အင်တာနက်)

ပြင်သစ် အိုပင်းတင်းနစ်ပြိုင်ပွဲ ဗီးနပ်စ်ဝီလျံ ပွဲဦးထွက်အနိုင်ရ

ပါရီ မေ ၂၉

နာမည်ကြီး တင်းနစ်အားကစားမယ် ဗီးနပ်စ်ဝီလျံသည် ကြီးလေးကြီးပြိုင်ပွဲဖြစ်သည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ပွဲဦးထွက်အဖြစ် ပြင်သစ်ဆယ်ကျော်သက်အလိုက် ကော်နတ်ကိုနိုင်ပြီး အောင်ပွဲခြေလှမ်းသစ် စတင်လိုက်သည်။

ဗီးနပ်စ်သည် ယင်းပွဲဦးထွက်ပြိုင်ပွဲတွင် တစ်နာရီနှင့် ၂၈မိနစ်ကြာ ကစားခဲ့ပြီး ဒုတိယအကျော့ပြိုင်ပွဲသို့ တက်လှမ်းခဲ့သည်။

၎င်းသည် ဩစတြေးလျအိုးပင်းပြိုင်ပွဲတွင် ဒါးဒဏ်ရာရခဲ့ပြီးနောက် ပြိုင်ပွဲများနှင့်လွဲခဲ့ရသည်။ ယခုပြိုင်ပွဲသည် ၎င်းအတွက် ပထမဆုံးသော ဂရင်းဆလမ်ဖလားရရှိရန် ယှဉ်ပြိုင်နေခြင်းဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

ယှဉ်ပြိုင်

ဗီးနပ်စ်ဝီလျံ၏ တင်းနစ်ယှဉ်ပြိုင်ကစားဟန်။
(ဓာတ်ပုံ-အင်တာနက်)

အဓိကတိုက်စစ်မှူး ရော်ဘီကိန်း တော့တင်ဟမ်နှင့် လေးနှစ်စာချုပ်တိုး

လန်ဒန် မေ ၂၉

တော့တင်ဟမ်အသင်းမှ အားထားရသော တိုက်စစ်မှူး ရော်ဘီကိန်းသည် ၎င်းအသင်းနှင့် လေးနှစ်စာချုပ်တစ်ရပ်ကို ထပ်မံချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း တော့တင်ဟမ်ဘောလုံးအသင်း သတင်းရပ်ကွက်က ပြောကြားသည်။

ရောက်ရှိ

အသက် (၂၆) နှစ်ရှိ ရော်ဘီကိန်းသည် ၂၀၀၂ ခုနှစ် ဩဂုတ်လတွင် လိဒ်ယူနိုက်တက်အသင်းမှ ပေါင်ခုနစ်သန်းဖြင့် ဝိုက်ဟတ်လိမ်းသို့ ရောက်ရှိလာခြင်း ဖြစ်သည်။

ကစားပေးနိုင်

မိမိသည် တော့တင်ဟမ်အသင်းတွင် ကစားရသည်မှာ ပျော်ရွှင်မိကြောင်း၊ မိမိ၏ ဘောလုံးသမားဘဝတစ်လျှောက်တွင် အကောင်းဆုံး ကစားပေးနိုင်ခဲ့ကြောင်း၊ တစ်နှစ်ထက်တစ်နှစ် ပိုကောင်းအောင် ကစားပေးနိုင်သည်ဟု ထင်မိကြောင်း ရော်ဘီကိန်းက ပြောကြားသည်။

အဓိကအစွမ်းပြ

၎င်းသည် ဝူလ်ဗက်၊ ကိုဗင်ထရီနှင့် အင်တာမီလန် အသင်းများတွင်လည်း ကစားခဲ့ဖူးသူဖြစ်သည်။ ရော်ဘီကိန်းသည် ၎င်း၏ဘောလုံးသမားဘဝ သက်တမ်းတစ်လျှောက်တွင် ၂၂ ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ပြီးခဲ့သော ဘောလုံးရာသီတွင် ၎င်းသည် တော့တင်ဟမ်းအသင်းကို ပရီမီယာလိဂ် ပဉ္စမနေရာ၊ ကားလင်းဖလား အကြိုဗိုလ်လုပွဲနှင့် အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲများ ရောက်သည်အထိ အဓိက ခြေစွမ်းပြကစားပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

အင်တာနက် အားကစားသတင်း အတိုအထွာ

* **ကိုပါအမေရိက ဘောလုံးပြိုင်ပွဲအတွက် ဘရာဇီးနည်းပြ ဒွန်ဂါက ဘောလုံးသမား ၃၄ဦးကို ခေါ်ယူလိုက်သည်။ ၎င်းဘောလုံးသမားများအနက်မှ ဘောလုံးသမား ၂၂ဦး၏ အမည်စာရင်းကို လာမည့်ဇွန် ၅ရက်၌ ထုတ်ပြန်ကြေညာမည် ဖြစ်သည်။**

* အနာဂတ်ကာလတွင် ဘောလုံးပွဲများကို ပင်လယ်ရေမျက်နှာပြင်အမြင့် မီတာ ၂၅၀၀ ထက်မပိုသော နေရာများ၌သာ ကစားခွင့်ပြုတော့မည်ဖြစ်ကြောင်း၊ ၎င်းမှာ ဘောလုံးသမားများ၏ ကျန်းမာရေးအတွက်ဖြစ်ကြောင်း ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက ပြောကြားသည်။

* **အေစီမီလန်တိုက်စစ်မှူး အင်ဇာဂီသည် ယူရို ၂၀၀၈ ခြေစစ်ပွဲများ ကစားရန် အီတလီအသင်း၌ ပြန်လည်ပါဝင်မည်ဖြစ်ကြောင်း သိရသည်။** (အင်တာနက်)

ခြံစည်းရိုးကြက်ဆူပျိုးပင်များ စုပေါင်းစိုက်ပျိုးပွဲကျင်းပ ဆည်ရေသောက် ဧရိယာများတွင် နွေစပါးစိုက်ပျိုး၊ ရိတ်သိမ်း

နေပြည်တော် မေ ၂၉

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မေ ၂၁ ရက် နံနက် ၆ နာရီက ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ပန်းတောကြီးကျေးရွာအုပ်စု၏ ခြံစည်းရိုးကြက်ဆူ ၁၀ဧက စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံ ကိုယ်စားလှယ်များကို ခြံစည်းရိုးကြက်ဆူပျိုးပင်များ ဖြန့်ဝေပေးအပ်ပြီး ခြံစည်းရိုးပျိုးပင်များကို စိုက်ပျိုးပေးသည်။

အားပေး

ထို့နောက် တိုင်းမှူးသည် တက်ရောက်လာကြသူများမှ ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကွင်းကောက်မြို့ နယ်မြေခံတပ်၏ စိုက်ခင်းအမှတ်(၃) ခြံစည်းရိုးကြက်ဆူ ၁၅ဧက ရှင်သန်ဖြစ်ထွန်းမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ စစ်သည် မိသားစုဝင်များအားတွေ့ဆုံ၍ တပ်ရင်း၊ တပ်ဖွဲ့များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ရေး၊ ဒေသနှင့်ကိုက်ညီသည့် သီးနှံများ တိုးချဲ့စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် အင်္ဂပူမြို့နယ် ဇီးပင်ကွင်းကျေးရွာ ခြံစည်းရိုးကြက်ဆူ ၁၀ဧက စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လင်းက ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှု

ထို့နောက် တိုင်းမှူးသည် ဌာနဆိုင်ရာ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံ ကိုယ်စားလှယ်များအား ခြံစည်းရိုးကြက်ဆူမျိုးစေ့၊ ပျိုးကိုင်းနှင့် ပျိုးပင်များပေးအပ်ကာ တိုင်းမှူးက ပျိုးပင်များကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာသူများမှ ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာအနီးရှိ မမြရေလှောင်တမံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တည်ဆောက်ရေး(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်က တမံမြေကြီးလုပ်ငန်းနှင့် ဆည်အတွင်း ရေစီးဝင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက ဆည်ရေသောက်ဧရိယာများတွင် နွေစပါး စိုက်ပျိုးရိတ်သိမ်းမှုနှင့် သုံးသီးစားစိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

မှာကြား

ထို့နောက် တိုင်းမှူးသည် ရေပို့လွှဲလုပ်ငန်းကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှု အခြေအနေနှင့် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးထားရှိမှု အခြေအနေများကို တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ကြံခင်းမြို့နယ် သစ်ဆိမ့်ကုန်းကျေးရွာအုပ်စု ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲသို့ တက်ရောက်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းဝင်များ၊ ဒေသခံများနှင့်အတူ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးသည်။ **(အပေါ်ဝဲပုံ)**

ရင်းရင်းနှီးနှီး

ထို့နောက် တိုင်းမှူးသည် ကြံခင်းမြို့နယ် ဘက်ရဲလမ်းဆုံအနီး ဇီးပင်ကွင်း ကျေးရွာအုပ်စု ကွင်းအမှတ်(၇၀)၌ တောင်သူ ဦးဝင်းဇော်၏ လယ်မြေတွင် တစ်မိုးနှစ်သီး ထွန်းသီရိမျိုး တိုက်ရိုက်အစေ့ချ စိုက်ပျိုးနေမှုနှင့် မြေပြုပြင်ထွန်ယက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဖြည့်ဆည်းပေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကြံခင်းမြို့ ဧရာဦးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က မြို့နယ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ညှိနှိုင်းအစည်းအဝေး မြိတ်မြို့၌ကျင်းပ

မြိတ် မေ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏မှာကြားချက် ထပ်ဆင့်ရှင်းလင်းပွဲနှင့် တနင်္သာရီတိုင်းအတွင်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ညှိနှိုင်းအစည်းအဝေးကို မေ ၁၁ ရက်နံနက် ၁၀ နာရီက မြိတ်မြို့ တနင်္သာရီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားချက်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

ညှိနှိုင်း

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ခရိုင်ဦးစီးအရာရှိများနှင့် မြို့နယ်ဦးစီးမှူးများက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆောင်ရွက်မှုအခြေအနေများကို တင်ပြကြရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်က လိုအပ်သည်များ ဖြည့်စွက်ညှိနှိုင်းပေးသည်။

လေ့လာ

အစည်းအဝေးအပြီးတွင် မြိတ်မြို့နယ်အတွင်းရှိ စုံခေါင်း-ရှားတောဝရွာ ပညာ့ပန်းခင်း စာကြည့်တိုက်နှင့် ကလွင်ရွာမကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ လက်တွေ့ကွင်းဆင်း လေ့လာကြည့်ရှုကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပဲခူးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်၊ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်၊ ပဲခူးတိုင်းကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ဌေးအောင်နှင့် ခရိုင်၊ မြို့နယ်အဆင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ လိုက်ပါလျက် မေ ၁၈ ရက်က ရေတာရှည်မြို့နယ် သပြေတန်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းဆောင်ရွက်မှုကို အားပေးကြည့်ရှုစဉ်။ (က-ပ)

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့်အဖွဲ့ ကသာမြို့ ပိုးဇာကုန်း သစ်သားတံတားအမှတ်(၁) ဆောက်လုပ်မှုကို ဧပြီ ၁၁ ရက်က ကွင်းဆင်းစစ်ဆေးရာ ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဇော်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ညွှန်ကြားရေးမှူးချုပ် မော်ဘီမြို့နယ် ကျေးရွာစာကြည့်တိုက်များစစ်ဆေး

မော်ဘီ မေ ၂၈

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် မေ ၂၃ ရက် နံနက် ၁၁နာရီခွဲက မော်ဘီမြို့နယ် ဖိုးဒေါနကုန်းကျေးရွာရှိ ဖြိုးစန္ဒာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ရောက်ရှိသည်။

ထို့နောက် စာကြည့်တိုက် အတွင်းရေးမှူး ဦးကိုကိုဦးက စာကြည့်တိုက် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ကျေးလက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် စာအုပ်စာတမ်း၊ ရန်ပုံငွေတိုးပွားရေးနှင့် အသင်းဝင်များ တိုးပွားရေးတို့ကို ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ရန်ကုန်တိုင်း စာအုပ်လှူဒါန်းပွဲတွင် မော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသော ၁၄လက်မ ရုပ်မြင်သံကြားပြစက်ကိုဆက်လက်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီက လက်ခံရယူသည်။

အလားတူ ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့်အဖွဲ့သည် မွန်းလွဲ ၁နာရီက ဆပ်သွားတောကျေးရွာရှိ ပေလေးပင် စာကြည့်တိုက်သို့ ရောက်ရှိပြီး စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုး တိုးတက်ရေးကို မှာကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ



သထုံမြို့တွင် ရေပေးဝေရေး လုပ်ငန်းနှင့် ဂါလန်ခြောက်သောင်းဆံ့ ရေစက်ရုံတို့ကို ဧပြီ ၁၈ရက်က စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးလှသိန်းအောင်နှင့် အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကိုက လုပ်ငန်း ဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အမေရိကန်နိုင်ငံ နယူးယောက်မြို့မှ မြစန္ဒာလှိုင်နှင့် မြစမ်းသီ တို့က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး ၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူ ငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စ ထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အတွေ့အကြုံ ထပ်ဆင့်ရှင်းလင်း

ဘားအံ မေ ၂၀

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နေပြည်တော်၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အတွေ့အကြုံ ထပ်ဆင့်ရှင်းလင်းပွဲကို မေ ၁၁ ရက်နံနက် ၁၁ နာရီက ဘားအံမြို့ ကရင်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ ကရင်ပြည်နယ်အတွင်းရှိ ခရိုင်များမှ ဦးစီးအရာရှိများ၊ မြို့နယ်နှင့်မြို့များမှ ဦးစီးမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းအေးကြည်က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားချက်များကိုထပ်ဆင့်ရှင်းလင်း ပြောကြားသည်။ **(ယာပုံ)**

ညှိနှိုင်းဆွေးနွေး

ဆက်လက်ပြီး ၂၀၀၇-၂၀၀၈ ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပရာ ခရိုင်၊ မြို့နယ်နှင့်မြို့များ အလိုက်တင်ပြကြပြီး တင်ပြချက်များအပေါ် လက်ထောက်ညွှန်ကြားရေးမှူးက ပြန်လည်ညှိနှိုင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျေးရွာသားတိုင်း စာဖတ်အလေ့အကျင့်ရှိရန် ကျောင်းကုန်း၌ စာကြည့်တိုက်အလုပ်ရုံဆွေးနွေး

ကျောင်းကုန်း မေ ၂၉

ကျောင်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး ဖွင့်လှစ်သည့် စာကြည့်တိုက် အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၅ ရက်က ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် အထက(၁)တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်က ကျေးရွာသူ ကျေးရွာသားတိုင်း စာဖတ်အလေ့အကျင့်ရရှိစေရန်၊ စာကြည့်တိုက်များသည် ပြည်သူများ အားကိုးရသည့်အသိဉာဏ်စက်ရုံကြီး ဖြစ်လာစေရန်နှင့် ကျေးရွာစာကြည့်တိုက်များ အရှိန်အဟုန်နှင့် တိုးမြှင့်စေရေးကို ဝိုင်းဝန်းအကောင်အထည်ဖော်စေရေးအတွက် အကျယ်တဝင့် ဆွေးနွေးခဲ့ကြောင်းသိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ် မြို့သာယာလှပရေးလုပ်ငန်းဖြစ်သော မြေခင်းအလှပြုပြင်ခြင်းလုပ်ငန်းကို မေ ၁၄ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဇော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်စိုးစိုးထွဏ်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (ခရိုင် ပြန်/ဆက်)

မြို့နယ်သတင်းများ

တောင်ငူခရိုင် ရဲတပ်ဖွဲ့ဝင် သား၊သမီးများ ပညာသင်စရိတ် ထောက်ပံ့ငွေများပေးအပ်

တောင်ငူ မေ ၂၅

ပဲခူးတိုင်း တောင်ငူခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၏ သား၊သမီးများအား ၂၀၀၇-၂၀၀၈ခုနှစ် ပညာသင်စရိတ် ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားကို မေ ၂၁ ရက် နံနက် ၈ နာရီခွဲက တောင်ငူခရိုင် ရဲရိပ်သာ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်အေးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှိ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများ၊ တောင်ငူခရိုင် ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ သံတောင်မြို့နယ်အပါအဝင် ခုနစ်မြို့နယ်မှ မြို့နယ် ရဲတပ်ဖွဲ့မှူးများ၊ စခန်းမှူးများနှင့်၎င်းတို့၏ဇနီးများ၊ တပ်ဖွဲ့ဝင်များ၏ သားသမီး ကျောင်းသား ကျောင်းသူ ၁၅၀ တက်ရောက်ကြသည်။

အခမ်းအနားတွင် တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်အေးက စုစုပေါင်းငွေကျပ် ၇၀၃၀၀၀ ကို ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ရန်ကုန် မေ ၂၉

ကြေးပိဋကတ်တော်ပြုလုပ်ရန် အလှူငွေများလှူဒါန်း

ကြေးပိဋကတ်တော် အဘိဓမ္မာပိဋကဝင် တတိယအုပ် ဓာတုကထာကျမ်းအတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)အရှင်မြတ်ထံ ဆရာကြီးဦးချမ်းမြ-ဒေါ်ကြင်အားရည်စူး၍ ကွမ်းခြံကုန်းမြို့ မြို့မလမ်းနေ သမီး ဒေါ်တင်ဝင်း၊ သား ဦးလှခိုင်၊ ဦးသိဏ်းချမ်း၊ ရန်ကင်းမြို့နယ် (၆)ရပ်ကွက် ရန်ငြိမ်းလမ်းသွယ် (၂) တိုက် ၂၃၄ အခန်း ၁၃နေ ဒေါ်တင်မိုးမြင့်၊ ကွမ်းခြံကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအလုပ်အမှုဆောင်များ၊ စမ်းချောင်းမြို့နယ် သံတံတားရပ်ကွက် တရုတ် ကျောင်းလမ်း အမှတ် ၆၅ ပထမထပ်(ဘီ)နေ သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာ ဦးဝင်းမြင့်-ဒေါ်မေလှရီ၊ ဒေါ်သိန်းရင်အားရည်စူး၍ အင်းစိန်မြို့ နံ့သာကုန်းရပ်ကွက် လမ်းသစ်လမ်း အမှတ် ၂၂ နေ ဦးတင်ဝင်းနှင့် သားသမီး၊မြေးများ၊ အင်းစိန်မြို့ ပိန္နဲကုန်းရပ်ကွက် သရက်ခြံ ၅လမ်း အမှတ် ၅၈၀နေ ဒေါ်ခင်ဝင်းရီ၊ သမီးဒေါ်ချိုနွယ်ဦး၊ ဒေါ်သီသီခိုင်ဝင်း၊ ဒေါ်ချိုနွယ်ဦး (အထက်တန်းပြ-ငြိမ်း)၊ မြို့သစ်ရပ်ကွက်(ခ) ၃ လမ်း အင်းစိန်နေ ဦးကျင်ဆိုင်-ဒေါ်ခင်မာလာ၊ သမီး မသီရိပြည့်စုံ၊ မဇွန်ပြည့်စုံ မိသားစုနှင့် အထက (၂) အင်းစိန်မှ မောင်ဟန်သူအောင်၊မောင်သီဟအောင်၊မောင်စိုးပြည့်စုံအောင်၊ မဝတ်ရည်ထွန်း၊ မယုမွန်သွယ်၊ မအိထက်ထက်ထွန်း၊ မမြတ်စုစုလှိုင် သူငယ်ချင်းတစ်စု၊ ရန်ကင်းမြို့နယ် ဘောက်ထော် တပ်မတော်မှတ်တမ်းရုံးနေ တပ်ကြပ်ကြီး လှထွန်းစိန်-ဒေါ်ချို ချိုသန်း၊သား မောင်ဟန်ထိုက်စိုး၊ ဗိုလ်တထောင်မြို့နယ် ဗိုလ်အောင်ကျော်လမ်း၊ အခန်း၁၄ တိုက်(၅၈/၆၀)နေ မိဘ (ဒုတိယ ဗိုလ်မှူးကြီး စန်းလွင်)-ဒေါ်မြမြခိုင်တို့အား အမှူးထား၍ မအိသဉ္ဇာခိုင်နှင့် မောင်သူရိန်စန်းလွင်၊မောင်စည်သူစန်းလွင်၊ မှော်ဘီမြို့ ဘောလုံး စက်ရုံဝင်းနေ ဦးတင်အောင်-ဒေါ်စန်းအေး၊ သား မောင်တင်ကိုဦး၊ ကမာရွတ်မြို့နယ် အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်တာဝါ ၂၊ အမှတ် ၂၀၇/ဘီနေ ဦးရန်နား-ဒေါ်စိန်အုပ်နှင့် ဦးယုခင်- ဒေါ်ဒေါ်ထွေးတို့အား ရည်စူး၍ ဦးထွန်းဝင်း-ဒေါ်ကြူကြူခင်၊ သားသမီး၊ မြေးတစ်စု၊ မိဘများအား ဦးထိပ်ထား၍ ဒေါက်တာဇော်လွင်၊ သားမောင်ကျော်ပိုင်ထွန်းအား ရည်စူး၍ အဘိုးအဘွား၊ အဖေ၊အမေနှင့် ညီမများ၊ စမ်းချောင်း မြို့နယ် ကျွန်း/တောင် ရပ်ကွက် ဗားဂရာကွန်ဒို အမှတ်(၅၀၃)နေသား မောင်ကျော်ပိုင်ထွန်းအား ရည်စူးလျက် ဦးထွန်းထွန်း -ဒေါ်ဒွဲဘူး၊ သမီးမသာယာမြတ်နိုးထွန်း၊ ကမာရွတ်မြို့နယ် အမှတ် ၄ ရပ်ကွက် ဘုရင့်နောင်တာဝါ ၂၊ အမှတ် ၂၀၇/ဘီနေ ဦးသက်ထွန်း-ဒေါ်ခင်စုစုမင်း၊ သမီး မဣန္ဒြေဦး၊ မအေးမြတ်ကြည်ဖြူ မိသားစုတို့က ကြေးပြားတစ်ချပ်စီ လှူဒါန်းကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူရှင်များ လှူဒါန်းလိုပါက မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာ ရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၈၈၀၅၊ ၀၉-၅၁-၈၅၂၀၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အမှုဆောင်အရာရှိ ဦးတင်ရှိန် ကြီးကြပ်မှုဖြင့် အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများသန့်ရှင်းရေးနှင့် သစ်လွင်တောက်ပမှု ရှိစေရေးအတွက် ရေမြောင်းအတွင်း အမှိုက်များဆယ်ယူခြင်းနှင့် မြက်များ ရှင်းလင်းခြင်းတို့ကို ဧပြီ ၂၂ ရက်က ဈေးတာဝန်ခံ၊ ဈေးအကျိုးတော်ဆောင်၊ ဈေးသူ ဈေးသားများနှင့် သန့်ရှင်းရေးဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (၃၁၆)

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့ အမှတ်(၁၂)ရပ်ကွက်၌ မှော်ဘီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးအုန်းလွင်နှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ မေ ၂၀ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ မြောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့် ကြပ်မတ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာ မြေမြတ်မဟာရှိဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်း ဟောင်း) အနောက်ဘက် တိုးချဲ့ မြေနှစ်ကေ ဝယ်ယူရန်နှင့်သာသနိက အဆောက်အအုံများ ဆောက် လုပ် ရန် အတွက် ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ၄၉ လမ်း အမှတ် (၇၈) နေ ဦးကြိုင်–ဒေါ်လှမြင့်၊ သမီး ဒေါက်တာ အေးအေးမြင့်မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့် ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာအရှင် ဝိစိတ္တ(ကဝ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း သားငါးတန်းများ သန့်ရှင်းရေး၊ အလေးချိန်ခွင် မှန်ကန်ရေးနှင့် ယင်လုံဆန်ခါဖြင့် ဖုံးအုပ်ရောင်းချမှု ရှိ၊ မရှိကို မေ၁၈ရက်က စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဦးလေးနှင့် ကျန်းမာရေးမှူးတို့ လှည့်လည်ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ဒိုက်ဦးမြို့သာယာလှပရေး လုပ်ငန်းများဆောင်ရွက်

ဒိုက်ဦး မေ ၁၂

ဒိုက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းသာယာလှပရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ထားမှုကို မေ ၃ရက်က စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှညွှန်ကြားရေးမှူး ဦးကျော်ဆန်း ကွင်းဆင်း စစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးသန်းလင်းထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်တင်မာအေးတို့က လုပ်ငန်း ဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် နယုန်လပြည့်ကျော်(၁)ရက်
၃၁–၅–၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာပြန်ကြားလွှာ)
၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ဂင်းနက်စ်ကမ္ဘာ့စံချိန်မှတ်တမ်းများ(ဒုတိယတွဲ) (မောင်သိန်းလွင် ပြန်ဆိုသည်)
(၂) သားတို့ဖတ်ဖို့ ပုဂံသို့ (မြရီလွင်)
၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (ဆေးပညာအတွက် ခေတ်မီရိုးရာဆေးဝါးကုထုံးများ(ဒုတိယပိုင်း) (မောင်ဆုရှင်)
၁၂:၃၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (ဝက်အူချောင်းကြော်၊ ပဲဟင်းချို၊ ကျောက်ပွင့်သုပ်)

ညနေပိုင်း

၁၆:၁၀ နိုင်ငံ့စီးပွားကျေးလက်ထုတ်ကုန်များ (ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ ကြိမ်ခြင်းလုပ်ငန်းနှင့်ရက်ကန်းလုပ်ငန်းများ)
၁၆:၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၇:၀၀ တပ်မတော်စာတိုက်
၁၇:၁၅ သုတကမ္ဘာ
၁၈:၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) ချစ်စကားဆိုလှည့်ပါ (နိုင်နိုင်မော်)
(၂) ငြင်းပယ်မှာပဲ စိုးမိတယ် (ကိုသန်းလှိုင်)
၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန်ဦးဘုန်းမြင့်)
၁၉:၁၅ ဇာတ်လမ်းပမာနားဆင်စရာ (ဆေးလိပ်ကလေးတစ်တို)
၁၉:၃၅ ဟန်မျိုးစုံညီ တေးကိုသီ (တိမ်လွှာမို့မို့လွင်)
(၁) ဝင်းဦး၊ (၂) တင်တင်မြ
(၃) ချိုပြုံး၊ (၄) မေရွှက်ဝါ
–လပတ်မိုးလေဝသခန့်မှန်းချက်
၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အချစ်များစွာဖြင့်သာ (ခင်ထွေးမော်)
(၂) သစ်ပင်အောက်မှာသာတဲ့လ (မောင်မောင်ညွှန့်)
(၃) မေတ္တာစစ်နဲ့ချစ်နေမယ် (ကြည်ကြည်ဝင်း)

မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်း (ဗုဒ္ဓဘာသာ ပညာရေးဗိမာန်တော်ကြီး)အတွက် တနင်္သာရီတိုင်း ပုလောမြို့နယ် ရှပ်ပုံရွာနေ ဦးဝင်းမောင်–ဒေါ်ခင်လတ် မိသားစုက ကျောင်းအလှူငွေကျပ် ၅၀၀၀၀၊ ဒေါ်အုန်းမျှင်မိသားစုက ကျောင်းအလှူငွေကျပ် ၅၀၀၀၀တို့ကို အထွေထွေအတွင်းရေးမှူး ဆရာတော် အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး)၏ ရှေ့မှောက်တွင် လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် သီရိသုခမ္မသီဂီ ဒေါ်မြရှင်က လက်ခံယူစဉ်။ (က–ပ)

မေ ၅ ရက်က ရွှေကျင်မြို့ မြို့ပြရေပေးရေးလုပ်ငန်း ဆောင်ရွက်မှုကို စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးကျော်စန်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းလှိုင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနအတွက်
လုပ်ငန်းသုံး ပစ္စည်းများဝယ်ယူရန်
တင်ဒါခေါ်ယူခြင်း

၁။ သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သည့် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ယှဉ်တွဲပါအရေအတွက်များအတိုင်း (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။
(၁) မိုးကာအင်္ကျီ–၆၅၀၀
၂။ တင်ဒါပေးသွင်းမှုကို ၇–၆–၂၀၀၇ ရက် (၁၆:၃၀)နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

(၁) သစ်တောဦးစီးဌာန
ရုံးအမှတ်(၂၈)
နေပြည်တော်
ဖုန်း–၀၆၇–၄၀၅၀၀၁၊ ၀၆၇–၄၀၅၀၁၇။

(၂) သစ်တောဦးစီးဌာန
အနောက်ကြို့ကုန်း
ဘုရင့်နောင်လမ်း–အင်းစိန်
ဖုန်း–၀၁–၆၈၁၉၂၉၊ ၀၁–၆၄၄၂၀၈။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

ယုဇနကုမ္ပဏီ၏ နယ်ရုံးခွဲများတွင် တာဝန်ထမ်းဆောင်ရန်အောက်ပါဝန်ထမ်းများအလိုရှိသည်။

၁။	B.E (Civil)	ကျား	(၂၀)	ဦး
၂။	ဆရာဝန် (M.B.,B.S)	ကျား	(၁)	ဦး
၃။	ကျန်းမာရေးမှူး(လက်မှတ်ရ)	ကျား	(၁)	ဦး
၄။	စာရင်းကိုင် (CPA, B.Com, LCCI III)	မ	(၁)	ဦး
၅။	တက္ကသိုလ်ဘွဲ့ရ(ကွန်ပျူတာကျွမ်းကျင်)	မ	(၁)	ဦး

ဘွဲ့လက်မှတ်မူရင်း၊ မိတ္တူ၊ ဓာတ်ပုံတစ်ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်၊ မှတ်ပုံတင်မူရင်းများနှင့်အတူ အမှတ်(၁၃၀)၊ ယုဇနစင်တာ တတိယထပ်၊ ရွှေဂုံတိုင်သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအတွက်
Quotation ခေါ်ယူခြင်း

၁။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း နယ်တူးဖော်ရေးဌာန ကျောက်မျက်ရတနာပြပွဲခန်းမ၊ ဖက်စပ်ဌာန၊ ကျောက်စိမ်းဌာနနှင့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က)	Display Electronic Board Spare Parts	1 Set	(မြန်မာကျပ်ငွေ)
(ခ)	Computer Control Display Board Spare Parts	1 Set	(မြန်မာကျပ်ငွေ)
(ဂ)	PLOT Allocation Information System Software	1 No	(မြန်မာကျပ်ငွေ)
(ဃ)	Machinery & Equipment	29 Item	(မြန်မာကျပ်ငွေ)
(င)	Computer PIV(3.2 GHZ) 80 GB HDD 258 MB 17" Monitor	9 Set	(မြန်မာကျပ်ငွေ)
(စ)	UPS(600VA)	9 Item	(မြန်မာကျပ်ငွေ)
(ဆ)	Scanner	9 Item	(မြန်မာကျပ်ငွေ)
(ဇ)	Printer A-4	9 Item	(မြန်မာကျပ်ငွေ)
(ဈ)	Printer A-3	2 Item	(မြန်မာကျပ်ငွေ)
(ည)	Calculator (14 Digital)	10 Item	(မြန်မာကျပ်ငွေ)
(ဋ)	Computer Table (Special Design)	9 Item	(မြန်မာကျပ်ငွေ)

၂။ Quotation ပေးသွင်းမှုကို ၇–၆–၂၀၀၇ရက် (၁၆:၀၀)နာရီတွင် ပိတ်ပါမည်။
၃။ Quotation ပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းနိုင်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
စီမံကိန်းနှင့် ဖြည့်တင်းရေး(ဝယ်ယူရေးဌာန)
အမှတ် (၆၆)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။
ဖုန်း–၆၆၀၃၆၅၊ ၆၅၀၄၈၇။

ကုန်ကြမ်း(၄)မျိုးအဝယ်တင်ဒါ
(မြန်မာကျပ်ငွေ)

၁။ ဝယ်ယူမည့်ပစ္စည်းများ – ကုန်ကြမ်း(၄)မျိုး
၂။ တင်ဒါပိတ်ရက်နှင့်အချိန် – ၈–၆–၂၀၀၇ရက်၊ (၁၄:၀၀)နာရီ
၃။ နေရာ – နေပြည်တော်

တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း(ရုံးချုပ်)
၁၉၂၊ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။

တယ်လီဖုန်းအမှတ်–
၅၆၁၃၉၁၊
၅၆၆၇၁၅။

အမည်ပြောင်း

အဖ ဦးဘလှဝင်း၏သား မကွေးမြို့ အထက(၂) န၀မတန်းမှ မောင်ထွန်းအာကာအား မောင်အောင်မြင့်မြတ်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်အောင်မြင့်မြတ်။

အမည်ပြောင်း

အဖ ဦးယမင်းပိုက်၏သမီး ပခုက္ကူမြို့ အလက(၃) သတ္တမတန်းမှ မဖူးငုံအား မဖူးပြည့်ဟု ပြောင်းလဲခေါ်ပါရန်။
မဖူးပြည့်။

ကျေးလက်ပြည်သူများ ဗဟုသုတတိုးပွားရေး ဟောပြောဆွေးနွေး

ကျောက်ပန်းတောင်း မေ ၁၇

ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ ပညာဗဟုသုတ တိုးပွားစေရန်အတွက် ကျေးရွာတိုင်းတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပေးခဲ့ပြီး ဖွင့်လှစ်ပြီး စာကြည့်တိုက်များရေရှည်ရှင်သန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေး လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး(ယာယီ) ဦးသောင်းမြနှင့် ဝန်ထမ်းများသည် မေ၁၀ရက်က ဆည်ပေါက်ကျေးရွာအုပ်စုရှိ စံပြစာကြည့်တိုက်သို့ ရောက်ရှိပြီး စာကြည့်တိုက် ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာအုပ်များ တိုးပွားရေး၊ စနစ်တကျ ထိန်းသိမ်းထားရှိရေးတို့ကို ရှင်းလင်း ဟောပြော ဆွေးနွေးကြသည်။

လေ့လာ

ယင်းနောက်စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းများ ကျင်းပရာ ကျေးရွာပြည်သူများစိတ်ဝင်စားစွာ လာရောက် ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ရတနာပုံမြို့သစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းတို့ ကန်ပိုက်တီးမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာများ ပေးအပ်ပွဲကို တက်ရောက် အားပေးကြစဉ်။ (ဆက်သွယ်ရေး)

နေပြည်တော် မေ ၂၉

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၄ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ်၌ တည်ဆောက်လျက်ရှိသော ရတနာပုံမြို့သစ် တည်ဆောက်ရေး စီမံကိန်းနယ်မြေရှိ တည်ဆောက်ဆဲ Teleport အဆောက်အအုံသို့ ရောက်ရှိလာရာ တည်ဆောက်ရေး တာဝန်ခံများက တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်း တင်ပြ၍ ဝန်ကြီးများက လှည့်လည်စစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းပေးကာ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ချိန်အတွင်းပြီးစီးရန် မှာကြားကြသည်။

ရှင်းလင်းပြသ

ထို့နောက် ဝန်ကြီးများသည် ပြည်တွင်းလုပ်ငန်းရှင်များနှင့်ပြည်ပကုမ္ပဏီများမှ လုပ်ငန်းရှင်များသိလိုသည်များကို လုပ်ငန်းခွင်အတွင်း လှည့်လည်ရှင်းလင်းပြသ ပြောကြားကြသည်။

ယင်းမှတစ်ဆင့် ဝန်ကြီးများအား စီမံကိန်းရှင်းလင်းဆောင်၌ သက်ဆိုင်ရာကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဆောက်လုပ်ရေးနှင့်လမ်းဖောက်ရေးဆောင်ရွက်နေမှုများ၊ စည်ပင်သာယာရေး ဦးစီးဌာနမှ စီမံကိန်းအတွက် ရေရရှိရေးဆောင်ရွက်နေမှုများ၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ စီမံကိန်း အတွက် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးများကလိုအပ် သည်များ ဖြည့်ဆည်းပေးသည်။ ထို့နောက် ဝန်ကြီးများသည် တက်ရောက်လာသော ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များ၏ သိလိုသည်များကိုရှင်းလင်းပြောကြားပြီး စီမံကိန်းလုပ်ငန်းများအားလုံးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပေးကြသည်။ *စာမျက်နှာ ၁၂ ကော်လံ ၅* ●

ကြည့်ရှုစစ်ဆေး

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရွှေပြည်သာစက်မှုဇုန်ရှိ Asian Golden Myanmar Cable Wire စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လျှပ်စစ်မီးသွယ်တန်းရေးလုပ်ငန်းများ၌ ဓာတ်တိုင်များလိုအပ်လျက်ရှိ အရည်အသွေးကောင်းမွန်သော ကျောက်တိုင်များ အင်ပြည့်အားပြည့်ထုတ်လုပ်

ရန်ကုန် မေ ၂၉

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ ၂၉ ရက်တွင် တာဝန်ရှိ သူများလိုက်ပါလျက် ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန်(၄)ရှိ မာဃကျောက်တိုင်လုပ်ငန်းစက်ရုံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ကျောက်တိုင်စက်ရုံမှူး ဦးတိုးလှိုင်က ဓာတ်တိုင်ထုတ်လုပ်နေမှု အခြေအနေများကို ရုပ်ပုံကားချပ်များနှင့်တကွ ရှင်းလင်းတင်ပြပြီး ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးအဖွဲ့ အင်ဂျင်နီယာချုပ် ဦးထွန်းအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထုတ်လုပ်ဖြန့်ချိ

ယင်းနောက်ဝန်ကြီးက ကျောက်တိုင်များ အရည်အသွေးပိုမိုကောင်းမွန်စေရေး ပိုမိုတိုးမြှင့်လုပ်ဆောင် သွားကြရန်နှင့် လျှပ်စစ်စွမ်းအားပိုမိုမြင့်မားလာမှုအတွက် အထောက်အကူပြု ထုတ်လုပ်ဖြန့်ဖြူးပေးကြရန် မှာကြားပြီး ကျောက်သွန်းလောင်းပုံစံသွင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက်ဝန်ကြီးနှင့်အဖွဲ့သည် ရွှေပြည်သာစက်မှုဇုန်ရှိ နေလင်းအောင်ကျောက်တိုင်လုပ်ငန်းစက်ရုံသို့ ရောက်ရှိလာကြရာ ရှင်းလင်းခန်းမ၌ စက်ရုံမှူး ဦးမြင့်ထွန်းက ကျောက်တိုင်စက်ရုံ ထုတ်လုပ်ဖြန့်ဖြူးမှု အခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ❒

နိုင်ငံတော်အစိုးရ၏စေတနာမှန်ကို သိမြင် တောတွင်းလက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်

နေပြည်တော် မေ ၂၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံအဝန်း အကြား အလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့်စေတနာမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏မှားယွင်းသော လုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူ တို့၏ရင်ခွင်သို့ တစ်ဦးချင်းမှအစ အစုအဖွဲ့လိုက် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီလများအတွင်း တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေတွင် အက်စ်အက်စ်အေ (ရှမ်းဆစ်) တောတွင်းလက်နက်ကိုင်အဖွဲ့ရင်း (၂၀၄)ခွဲ(၂)မှ *စာမျက်နှာ ၁၁ ကော်လံ ၁* ■

မိုးလေဝသ အခြေအနေ

၃၀-၅-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက် တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး